# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့ မှတ်တမ်း

မူကြမ်း



| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊ | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း- | ၄ |
| ၆ | (က) ဦးအောင်သန်းစိန်၊ ခန္တီး မဲဆန္ဒနယ်၏ ခန္တီး-ရွှေပြည်သာကျေးရွာ (ကျောက်စိမ်းတွင်းဒေသ) ကားလမ်းအကြားရှိ ချောင်းကြီး၊ ချောင်းငယ်များ၌ အမာခံတံတားများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ နန်းယွန်းမြို့နယ်ရှိ ကျေးရွာချင်းဆက် လမ်းများဖြစ်သော ဖာကျက်-ဆန်းကိုင်-လားဟောင်- ငိုင်မောင်း-လားမား(၂၅)မိုင်၊ ပါပုန်-ချောင်းဆုံ-ကေးဆန်လုံခေါင်းလမ်း (၂၇)မိုင်၊ ယန်းနော်နုတ်ညို- ဆာလင်-ကေးဆန်နုတ်ညို- ဘောက်လွန်း လမ်း(၁၅)မိုင်၊ ကြူယန်းနုတ်ညို- ကျောက်ခေါ်- ဟရှိတ်နုတ်ညို- လုံခေါ် လမ်း (၁၅)မိုင်၊ နန်းယွန်း-ပန်ဆောင် တပ်ရှောင်လမ်း (၈)မိုင် တို့အား (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် တစ်ကြောင်းထိုး မြေသားလမ်း ဖောက်လုပ် ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | (ဂ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ မိုင်းကောင်ကျေးရွာအုပ်စု၊ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်း ရွာချင်းဆက်လမ်း (၁၀)မိုင်အား ကျောက်လမ်းခင်းပေးရန်၊ နားကော်ကျေးရွာအုပ်စု၊ ခိုတုံလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ မြေသားလမ်း (၇)မိုင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၉ |

| | | |
|---|---|---|
| ၉ | ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က “နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အသက် အိုးအိမ် စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက် အစိုးရမှ ခွင့်ပြု ထားသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း | ၁၂ |
| ၁၀ | ဦးဝင်းအောင်၊ မိုးမောက် မဲဆန္ဒနယ်က တင်သွင်းသည့် “မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူ ပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရေး နှင့် မူခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀% မှ ၁၀% အား အောင်ဘာလေ သိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀%သာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း” အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း- | ၁၉ |
| ၁၁ | အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂၈ |
| ၁၂ | ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် “တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ | ၃၄ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက် မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၄၅ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၂-၂-၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးအောင်သန်းစိန်၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီး-ရွှေပြည်သာကျေးရွာ (ကျောက်စိမ်းတွင်းဒေသ) ကားလမ်းအကြားရှိ ချောင်းကြီး၊ ချောင်းငယ် များ၌ အမာခံတံတားများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်ရှိ ကျေးရွာချင်းဆက် လမ်းများဖြစ်သော ဖာကျက်-ဆန်းကိုင်-လားဟောင်- ငိုင်မောင်း- လားမား(၂၅)မိုင်၊ ပါပုန်-ချောင်းဆုံ-ကေးဆန်လုံခေါင်းလမ်း (၂၇)မိုင်၊ ယန်းနော်နတ်ညို- ဆာလင်-ကေးဆန်နတ်ညို-**

**ဘောက်လွန်းလမ်း(၁၅)မိုင်၊ ကြူယန်းနတ်ညို– ကျောက်ခေါ်– ဟရိုတ်နတ်ညို– လုံခေါလမ်း(၁၅)မိုင်၊ နန်းယွန်း–ပန်ဆောင် တပ်ရှောင်လမ်း (၈)မိုင် တို့အား (၂၀၁၇–၂၀၁၈) ဘဏ္ဍာနှစ်တွင် တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **မိုင်းကောင်ကျေးရွာအုပ်စု၊ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်း ရွာချင်းဆက်လမ်း (၁၀)မိုင်အား ကျောက်လမ်းခင်းပေးရန်၊ နားကော်ကျေးရွာအုပ်စု၊ ခိုတုံလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ မြေသားလမ်း (၇)မိုင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများ၏ အသက် အိုးအိမ် စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက် အစိုးရမှ ခွင့်ပြု ထားသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဦးဝင်းအောင်၊ မိုးကောက် မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူ ပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရေး နှင့် မူခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀% မှ ၁၀% အား အောင်ဘာလေ သိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀%သာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၊

(ခ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၊

(ဃ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## (၁၂)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
### (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)
### (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါ တယ်ရှင်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦးရှိပါတယ်ရှင်။ ခွင့်ပန်ကြား သူများကတော့-

(၁) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၃ ရက်၊

(၂) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ်ုံ ခွင့် ၁ ရက်၊

မူကြမ်း

(၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၅) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၂ ရက်၊

(၆) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၇) တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် ၁ ရက်၊

(၈) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၂ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမောင် ခွင့် ၁ ရက်၊

(၁၂) ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၁၃) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁ ရက်နှင့်

(၁၄) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ရှင်။ ယခင် ခွင့်ပန်ကြားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်ရှင်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပြု ထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ခန္တီး-ရွှေပြည်သာကျေးရွာ(ကျောက်စိမ်းတွင်းဒေသ) ကားလမ်းအကြားရှိ ချောင်းကြီး၊ ချောင်းငယ်များ၌ အမာခံတံတားများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း၊**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ခန္တီးမဲဆန္ဒနယ် ဦးအောင်သန်းစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန်းစိန်(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်းစိန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ခန္တီး-ရွှေပြည်သာ ကျေးရွာ(ကျောက်စိမ်းတွင်းဒေသ) ကားလမ်းအကြားရှိ ချောင်းကြီး၊ ချောင်းငယ်များ၌ အမာခံတံတား များဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလို၍ မေးမြန်း သွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ခန္တီး-ရွှေပြည်သာကျေးရွာကားလမ်းဟာ ၂၅ မိုင်ရှည်လျားပါတယ်။ ရွှေပြည်သာကျေးရွာဟာ လသာကျေးရွာ၊ ချောင်းသာကျေးရွာ၊ မြကျွန်းသာ ကျေးရွာ ကျေးရွာလေးရွာနဲ့ဖွဲ့စည်းထားတဲ့ ကျေးရွာ အုပ်စုဖြစ်ပြီး ခန္တီးကျောင်းစိမ်း တွင်းတူးဖော်ရာ နေရာဒေသလည်း ဖြစ်ပါတယ်ခင်ဗျား။ ခန္တီး-ရွှေပြည်သာ ကျေးရွာကားလမ်းကို ရာသီမရွေး သွားလာနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနဘတ်ဂျက်ဖြင့် ကျောက်ခင်းလမ်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၀ မိုင်၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငါးမိုင်၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် လေးမိုင်ခင်းပေး လျက်ရှိပါတယ်။ ကျန်ခြောက်မိုင်ကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်မှာ နှစ်မိုင် ကျောက်လမ်း ခင်းပေးရန်လျာထားတာကို သိရှိရပါတယ်ခင်ဗျား။ ကျောက်ခင်းလမ်းများ ခင်းပေးနေသော်လည်း

ကားလမ်းပေါ်တွင် ချောင်းကြီး၊ ချောင်းငယ်ပေါ်များသဖြင့် အမာခံတံတားများ ဆောက်လုပ်ပေးရန် လိုအပ်နေပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဤကားလမ်းကို ပွင့်လင်းရာသီကာလ ရောက်တဲ့အခါ ကား၊ ဆိုင်ကယ်များသွားလာနိုင်ရန်အတွက် ရွှေပြည်သာကျေးရွာအုပ်စု လူထုလုပ်အား နဲ့ပြုလုပ်ထားတဲ့ သစ်ပင်တစ်ပင်ကို နှစ်ခြမ်းခွဲစိတ်ပြီး ခင်းထားတဲ့တံတား Power Point မှာ ပြထားတဲ့ အတိုင်းပဲ သွားလာနေကြရပါတယ်ခင်ဗျား။ ၎င်းတံတားများဟာ မိုးရာသီကာလရောက်လာလျှင် တချို့က ရေနစ်မြုပ်သွားပြီး တချို့ပျက်စီးသွားတဲ့အတွက်ကြောင့် ကား၊ ဆိုင်ကယ်များ သွားလာ၍ မရတော့ပါ။ ရေကြောင်းလမ်း နမ်ခမာချောင်းမှ စက်လှေများနှင့်သာ သွားလာနေရပါတယ်။ စက်လှေ များနှင့်သွားလာနိုင်သော်လည်း ရွှေပြည်သာကျေးရွာအထိ မရောက်ရှိဘဲ ချောင်းသာရွာအထိသာ ရောက်ရှိပြီး ၎င်းကျေးရွာမှတစ်ဆင့် ကား၊ ဆိုင်ကယ်များဖြင့် လူ၊ ကုန်ပစ္စည်းများ တန်ဆာခ ထပ်မံ ပေးဆောင်ပြီး ရွှေပြည်သာကျေးရွာသို့ သွားရပါတယ်။ ဝန်ဆောင်ခစရိတ် နှစ်ဆင့်ပေးဆောင်နေရ သဖြင့် သွားလာစရိတ်များပြီး လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ဈေးကြီးမြင့်ပါတယ် ခင်ဗျား။ သွားလာရသောခရီးမှာ ရေတစ်တန်၊ ကုန်းတစ်တန်ဖြစ်ခြင်း၊ အချိန်ကြန့်ကြာခြင်းတို့ကြောင့် ကျေးရွာလူထုများမှာ အခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်ခင်ဗျား။ သို့ပါသောကြောင့် ခန္တီး-ရွှေပြည်သာကျေးရွာ ကားလမ်းပေါ်တွင် လိုအပ်နေသော အမာခံတံတားများ တည်ဆောက်ပေးမည် ဆိုပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှာဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုသည်မှာ ခန္တီး-ရွှေပြည်သာကျေးရွာ ကျောက်စိမ်းတွင်းဒေသကားလမ်းကြားရှိ ချောင်းကြီး၊ ချောင်းငယ်များ၌ အမာခံတံတားများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ဘဏ္ဍာ ရေးနှစ်တွင် စတင်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလို၍ မဲဆန္ဒရှင် ပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊

ခန္တီးမြို့နယ်အတွင်းရှိ ခန္တီး-ရွှေပြည်သာကျေးရွာ(ကျောက်စိမ်းတွင်းဒေသ) ကားလမ်းအကြားမှာရှိတဲ့ ချောင်းကြီးချောင်းငယ်များ၌ အမာခံတံတားများဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်းနှင့် မရှိပါက အဘယ်ကြောင့်ဆို သည်ကို သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ပေးခြင်းအားဖြင့် ဒေသခံ တိုင်းရင်းသားပြည်သူများရဲ့ လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသာမက ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက်ပါ များစွာအကျိုးရှိလာတဲ့မေးခွန်းဖြစ်ကြောင်း သိရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ရဲ့ မေးမြန်းချက်နှင့်စပ်လျဉ်းပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို အချိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ခန္တီး-လသာ-ရွှေပြည်သာ- မြကျွန်းသာလမ်း မူလအရှည် ၂၅ မိုင်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း ၁၀ မိုင်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း ငါးမိုင်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းလေးမိုင်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ အဆိုပါလမ်း ၂၅ မိုင်မှာ ဆောင်ရွက်ရန်ကျန်ရှိတဲ့ ခြောက်မိုင်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ်တွင် ကျောက်လမ်းနှစ်မိုင်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းလေးမိုင်အား ထည့်သွင်းလျာထားပေးပြီး ရန်ပုံငွေခွင့်ပြုပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ထို့အပြင် ခန္တီး-ရွှေပြည်သာကျေးရွာ (ကျောက်စိမ်းတွင်းဒေသ) ကာလမ်းများအကြားမှာရှိတဲ့ ချောင်းကြီး၊ ချောင်းငယ်များ၌ အမာခံတံတားများဆောက်လုပ်ပေးရန် လိုအပ်မည်ဖြစ်ရာ အဆိုပါလမ်း ပေါ်ရှိ အမာခံတံတားများ၊ Box Culvert များ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက် ဦးစားပေးအစီအစဉ်အလိုက် ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အညီ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**နန်းယွန်းမြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ဖာကျက်-ဆန်းကိုင်-လားဟောင်-ဝိုင်မောင်း-လားမား ၂၅ မိုင်၊ ပါပုန်-ချောင်းဆုံ-ကေးဆန်လုံခေါင်းလမ်း ၂၇ မိုင်၊ ယန်းနော်နုတ်ညို-ဆာလင်-ကေးဆန်နုတ်ညို-ဘောက်လွန်းလမ်း ၁၅ မိုင်၊ ကြူယန်းနုတ်ညို-ကျောက်ခေါ်-ဟရှိတ်နုတ်ညို-လုံခေါလမ်း ၁၅ မိုင်၊ နန်းယွန်း-ပန်ဆောင်တပ်ရှောင်လမ်း ၈ မိုင်တို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့မေးခွန်းကတော့ နန်းယွန်းမြို့နယ်အတွင်းရှိ ကျေးလက်ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်ပေးမယ့်အစီအစဉ်များနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြထားတဲ့ ကျေးရွာချင်းဆက်လမ်းများဟာ မြို့နယ်ရဲ့ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ဖို့ အရေးကြီးလိုအပ်လျက်ရှိတဲ့ လမ်းအပိုင်းများဖြစ်တဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အလေးထားပြီးထည့်သွင်းဆောင်ရွက်ပေးစေလိုလို့ တင်ပြရခြင်းဖြစ်ပါတယ်။ မြို့နယ်ရဲ့လူဦးရေအများဆုံးနေထိုင်တဲ့ ဧရိယာပိုင်းလည်းဖြစ်ပါတယ်။ ဒေသခံပြည်သူများနဲ့ နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာရေးအဆင်ပြေချောမွေ့စေဖို့ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖာကျက်ကျေးရွာကနေ ဆန်းကိုင်-လားဟောင်-ဝိုင်မောင်း-လားမားလမ်း ၂၅ မိုင်၊ ယန်းနော်နုတ်ညို-ဆာလင်-ကေးဆန်နုတ်ညို-ဘောက်လွန်းလမ်း ၁၅ မိုင်၊ ကြူယန်းကနေ ဟရှိတ်နုတ်ညို-လုံခေါထိ ၁၅ မိုင်ပဲ ဖြစ်ပါတယ်။

ဆက်ပြီးတော့ ပါပုန်-ချောင်းဆုံ-ကေးဆန်လုံခေါင်းလမ်း ၂၇ မိုင်ခန့်နဲ့ နန်းယွန်း-ပန်ဆောင်တပ်ရှောင်လမ်းနှစ်မိုင်ခွဲခန့်ရှိတဲ့လမ်းပိုင်းတွေကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်မှာထည့်သွင်းဆောင်ရွက်ပေးနိုင်ဖို့လည်း တင်ပြလိုပါတယ်။ အကြောင်းအရင်းကတော့ ဒုန်ဟီးမြို့ဧရိယာက ပြည်သူများဟာ ရွှေ့ပြောင်းတောင်ယာစနစ်ကိုပဲ အဓိကထားလုပ်ကိုင်ကြပြီး ပြောင်း၊ လူး၊ ပီလောပီနံ၊ ခွေးမြီးဆန်နဲ့စပါးတို့ကို စိုက်ပျိုးကြပါတယ်။ ဒါပေမဲ့ ရာသီဥတုနဲ့သဘာဝဘေးအန္တရာယ်တွေကြောင့် နှစ်တိုင်းအငတ်ပြဿနာကို တွေ့ကြုံကြရပါတယ်။ ဒါကြောင့် တချို့က လဟယ်ဘက်ကို ရိက္ခာသွားဝယ်

ကြရပြီး တချို့က လှေရှိတဲ့ပန်ဆောင်ခွေမှာ ခက်ခက်ခဲခဲ နန်းယွန်းဘက်ထိ တကူးတကပတ်ပြီး ဆန်လာဝယ်ကြရတဲ့အတွက် ခရီးလည်းဝေး၊ အချိန်လည်းပိုကုန်ရပါတယ်။ ဒါကြောင့် ပါပုန်-ချောင်းဆုံ-ကေးဆန်လုံခေါင်းကနေဖြတ်ပြီးတော့ လမ်းဖောက်ပေးလိုက်မယ်ဆိုလို့ရှိရင် ပြည်သူလူထု ၃၀၀၀၀ ကျော်အတွက် အများကြီးအကျိုးပြုသွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အလေးထားပြီးတင်ပြရခြင်း ဖြစ်ပါတယ်။ ချီဖွေယန်ကနေလာရင် နန်းယွန်းမြို့ကို စစ်တပ်ကဖြတ်ဝင်တဲ့လမ်းကလည်း သိုက်ရောင်းချောင်းနဲ့ ခြေထောက်ချောင်း တိုက်စားလို့ ပျက်လုနီးပါးရှိနေပြီဖြစ်ပါတယ်။ ဒီလမ်းကို ရေရှည်အမာခံလမ်းအဖြစ်အသုံးပြုလို့လည်း မရပါဘူး။ ထိုနည်းတူစွာ စစ်ဘက်ကလုံခြုံရေးအရဆိုပြီး အချိန်သတ်မှတ်ထားတဲ့အတွက် လွတ်လွတ်လပ်လပ်သွားလာလို့လည်း မရပါဘူး။ သတ်မှတ်ချိန်ထက်နောက်ကျရောက်လာတဲ့ခရီးသွားဆိုင်ကယ်သမား၊ ကားသမားတွေကို အဝင်မခံပါဘူး။ တခြားလမ်းကြောင်းလည်းမရှိတဲ့အတွက် တော်တော်လေးကိုခက်ခဲပါတယ်။ တောင်ယာကပြန်လာတဲ့ဒေသခံပြည်သူတွေအတွက်လည်း အခက်အခဲအများကြီး ကြုံကြရပါတယ်။

ဒါကြောင့်မို့လို့ နှစ်မိုင်ခွဲလောက်ရှိတဲ့ နန်းယွန်း-ပန်ဆောင်တပ်ရှောင်လမ်းကို ဖောက်ပေးလိုက်ရင် မြို့ပေါ်နေပြည်သူများအတွက်ရော၊ ခရီးသွားပြည်သူများအတွက်ပါ များစွာအဆင်ပြေလာမှာဖြစ်တဲ့အတွက် အထက်မှာတင်ပြတဲ့ ကျေးရွာချင်းဆက် တစ်ကြောင်းထိုးမြေသားလမ်းများ ဖောက်လုပ်ပေးဖို့အစီအစဉ်အား သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှရဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်မှာရှိတဲ့ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ဖာကျက်-ဆန်းကိုင်-လားဟောင်-ငိုင်မောင်း-လားမား ၂၅ မိုင်၊ ပါပုန်-ချောင်းဆုံ-ကေးဆန်လုံခေါင်းလမ်း ၂၇ မိုင်၊ ယန်းနော်နုတ်ညို-ဆာလင်-ကေးဆန်နုတ်ညို-ဘောက်လွန်းလမ်း ၁၅ မိုင်၊ ကြူယန်းနုတ်ညို-ကျောက်ခေါ်-ဟရှိတ်နုတ်ညို-လုံခေါလမ်း ၁၅ မိုင်၊ နန်းယွန်း-ပန်ဆောင်တပ်ရှောင်

လမ်းနှစ်မိုင်တို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်ကြောင်းထိုးမြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါလမ်းများအနက် ယန်းနော်နုတ်ညို-ဆာလင်-ကေးဆန်နုတ်ညို-ဘောက်လွန်းလမ်း ၁၅ မိုင်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြေလမ်း ၁၀ မိုင်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြေလမ်း ငါးမိုင် ဆောင်ရွက်ပေးရန် လျာထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ကျန်ရှိတဲ့ တစ်ကြောင်းထိုးမြေလမ်းများဖောက်လုပ်ခြင်းအတွက် လုပ်ထုံးလုပ်နည်းအရ ဆက်လက်တင်ပြ ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့ရဲ့သဘောထားမှတ်ချက်၊ အကျိုးပြုကျေးရွာ၊ အိမ်ထောင်စု၊ လူဦးရေ၊ ဒေသပေါက်ဈေးဖြင့် ကုန်ကျမည့်ခန့်မှန်းငွေစာရင်း၊ လုပ်ငန်းဆောင်ရွက်မည့်မြေပုံကြမ်း တို့ကို သက်ဆိုင်ရာဒေသတာဝန်ရှိသူများမှ စနစ်တကျလေ့လာကွင်းဆင်း သုံးသပ်စေမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ကျန်မြေလမ်းများ ဆက်လက် ဖောက်လုပ်နိုင်ရန်အတွက် လိုအပ်သောအချက်အလက်များအား သက်ဆိုင်ရာဒေသမှတင်ပြလာပါက နယ်စပ်ရေးရာဝန်ကြီးဌာန၏ ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စ၍ ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အညီ လုပ်ငန်းဦးစားပေးအလိုက် စိစစ်လျာထားတင်ပြဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုင်းကောင်ကျေးရွာအုပ်စု၊ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်းရွာချင်းဆက်လမ်း (၁၀)မိုင်အား ကျောက်လမ်းခင်းပေးရန်၊ နားကော်ကျေးရွာအုပ်စု၊ ခိုတုံလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာ အထိ မြေသားလမ်း(၇)မိုင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှလုံး ကြည်သာချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်(ခ)

ဦးအောင်ပွင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီးလို့ တန့်ယန်းမြို့နယ် မိုင်းကောင်ကျေးရွာ အုပ်စုမှ ရွာချင်းဆက်လမ်းများ ပြုပြင်ရေးကိစ္စမေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ် မိုင်းကောင်ကျေးရွာအုပ်စု ရွာချင်းဆက်လမ်းများဖြစ်သည့် ပါဟောင်ရွာမှ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်းရွာအထိ (၁၀)မိုင်လမ်း၊ (ခ) နားကော်ကျေးရွာအုပ်စု ခိုတုံရွာလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ (၇)မိုင် ရှည်သောလမ်းများသည် မိုးရာသီတွင် ဗွက်အိုင်များဖြစ်ပေါ်၍ ၎င်းလမ်းကိုအသုံးပြုနေကြသည့် ရွာပေါင်း ၂၁ ရွာမှ လူဦးရေ ၆၀၀၀ ကျော်တို့သည် ဆက်သွယ်သွားလာရန်ခက်ခဲကြုံတွေ့နေရကြောင်း သိရှိရပါသည်။ ၎င်းဒေသတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မိုင်းကောင်လမ်းကို ဌာနေ ပြည်သူ့စစ်တပ်ဖွဲ့မှ လမ်းများကိုပြုပြင်ရန် ရန်ပုံငွေများပံ့ပိုးပေးပါရန်အတွက် လားရှိုးမြို့တွင် ဖွင့်လှစ် ထားသော ပြည်နယ်ဖွံ့ဖြိုးရေးကြီးကြပ်ရေးရုံးသို့ ၁၆-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မက/(ပထစ) ဦး-၂/(၀၀၆၂) ဖြင့် တောင်းခံထားပြီးကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ မိုင်းကောင် ကျေးရွာအုပ်စု၊ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်းရွာအထိ ရွာချင်းဆက်လမ်း (၁၀)မိုင်အား ကျောက်ချောခင်းပေးပါရန်နှင့် (ခ) နားကော်ကျေးရွာအုပ်စု ခိုတုံရွာလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ မြေသားလမ်း(၇)မိုင် ဖောက်လုပ်ရန်အတွက် အထက်ပါလမ်းများတွင် လိုအပ်သည့် ကွန်ကရစ်တံတားလေးစင်း၊ Box Culvert ရှစ်ခု၊ ရေပြွန်ငါးစင်းဆောက်လုပ်ရန်အတွက် ရန်ပုံငွေလျာထားခြင်းရှိ/မရှိနှင့် မရှိသေးပါက ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၇-၂၀၁၈ ခုနှစ်ရန်ပုံငွေမှ ထောက်ခံသုံးစွဲရန် လျာထားခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ တန့်ယန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်ရဲ့ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ တန့်ယန်း မြို့နယ်၊ မိုင်းကောင်းကျေးရွာအုပ်စု၊ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်းရွာချင်းဆက်လမ်း (၁၀)မိုင်အား ကျောက်လမ်းခင်းပေးရန်၊ နားကော်ကျေးရွာအုပ်စု ခိုတုံလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ မြေသားလမ်း ခုနစ်မိုင်ဖောက်လုပ်ရန်နှင့် အဆိုပါလမ်းများမှာ လိုအပ်တဲ့ကွန်ကရစ်

တံတားလေးစင်း၊ Box Culvert ရှစ်ခု၊ ရေပြွန်ငါးစင်းဆောက်လုပ်ရန်အတွက် ခွင့်ပြုရန်ပုံငွေ လျာထားခြင်းရှိ/မရှိ၊ မရှိသေးပါက ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၇-၂၀၁၈ ခုနှစ်ရန်ပုံငွေမှ ကျခံသုံးစွဲရန်လျာထားခြင်းရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ တန့်ယန်းမြို့နယ်၊ နားကော်ကျေးရွာအုပ်စု ခိုတုံလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ မြေသားလမ်း (၇) မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၅၃ သန်းနှင့် ယင်းလမ်းပေါ်တွင် (၅) ပေ Box Culvert ၁၂ ခုဆောက်လုပ်ခြင်းအတွက် ငွေကျပ် ၂၅.၂၀ သန်းတို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် လျာထားဆောင်ရွက်ပြီးဖြစ်ပါ ကြောင်း ဒေသတင်ပြချက်အရ သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းမှာပါဝင်တဲ့ ကွန်ကရစ်တံတား ၄ စင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ရန် လျာထားသည့် ခိုတုံလမ်းခွဲမှ နောင်မိုင်ရွာ (၇) မိုင် မြေလမ်း ပေါ်တွင် တည်ရှိပါကြောင်းနှင့် မန်ကျောင်း-နမ့်လောင်းရွာချင်းဆက် ၁၀ မိုင်လမ်းပေါ်မှာ (၅) ပေ Box Culvert ငါးခုနှင့် သုံးပေ ကွန်ကရစ်ရေပြွန် ငါးစင်းသာ လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျန်ရှိနေသေးတဲ့ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်းရွာချင်းဆက် (၁၀) မိုင်လမ်း ကျောက်ခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင် လိုအပ်မည့် (၅) ပေ Box Culvert ငါးခုနှင့် (၃) ပေ ကွန်ကရစ်ရေပြွန် ငါးစင်း တို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ထောက်ခံတင်ပြလာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေလျာထားချိန်တွင် အဆိုပါထည့်သွင်းလျာထားနိုင်ရေး တင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့လက်မခံသောနှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရမှ ခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်မိကွန်ချမ်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့လက်မခံသောနှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရမှ ခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်အစိုးရလက်ထက်၌ နိုင်ငံတော်အတွက်လိုအပ်ချက်ရှိ၍သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်အာဏာအရသော်လည်းကောင်း ထင်သလိုခွင့်ပြုထားတဲ့စီမံကိန်းများစွာ ရှိပါတယ်ရှင်။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတ၊ ယဉ်ကျေးမှုအမွေအနှစ်၊ လူ့စွမ်းအားအရင်းအမြစ်တို့ ပေါကြွယ်ဝတဲ့အပြင် အိမ်နီးချင်းနိုင်ငံတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်တဲ့အခြေအနေကောင်းများနှင့် ပြည့်စုံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံခြားကနေပြီး ရင်းနှီးမြှုပ်နှံရန်အတွက် မျက်စိကျတဲ့နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက်အစိုးရလက်ထက်တွင် ပွင့်လင်းမြင်သာမှုမရှိဘူး။ ပြည်သူများမှမသိလိုက်ဘဲ နှစ်ရှည်စီမံကိန်းများခွင့်ပြုထားတဲ့အချက်မှာလည်း အစိုးရသစ်လက်ထက်အတွက် ရင်ဆိုင်ဖြေရှင်းနေသည့်အခက်အခဲများ ဖြစ်နေရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုခွင့်ပြုပေးထားသလို နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အစိုးရရဲ့ဖက်စပ်ရင်းနှီးမြှုပ်နှံမှုအတွက် နှစ် ၃၀၊ နှစ် ၆၀ တိုင်အောင် ခွင့်ပြုထားတဲ့လုပ်ငန်းများလည်း ရှိပါတယ်ရှင့်။ ကျွန်းသစ်လုပ်ငန်းမျိုးတွေ၊ ရေနံသဘာဝဓာတ်ငွေ့ထုတ်တဲ့လုပ်ငန်းမျိုးတွေ၊ ကျောက်မီးသွေးစက်ရုံမျိုး

တွေ၊ ဘိလပ်မြေစက်ရုံမျိုးတွေ၊ ပုလဲ၊ ကျောက်စိမ်းနဲ့ တွင်းထွက်ကျောက်မျက်ရတနာပစ္စည်းရှာဖွေတဲ့ လုပ်ငန်းမျိုးတွေ၊ လမ်းခင်းကျောက် ကျောက်မိုင်းတွေထုတ်လုပ်တဲ့လုပ်ငန်းမျိုးတွေ၊ ရေနက်ဆိပ်ကမ်း လိုစီမံကိန်းမျိုးတွေ၊ မြို့ပြဖွံ့ဖြိုးရေးအတွက် မြို့သစ်ဖော်ထုတ်ခြင်းလုပ်ငန်းမျိုးတွေ၊ သတ္တုရှာဖွေ ထုတ်လုပ်တဲ့လုပ်ငန်းမျိုးတွေ၊ ပြည်ပတင်ပို့ရောင်းချတဲ့လုပ်ငန်းမျိုးတွေ၊ ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်း၊ စက်ရုံအလုပ်ရုံနှင့် လျှပ်စစ်စီမံကိန်း၊ ဆည်မြောင်းတာတမံစတဲ့စီမံကိန်း အမျိုးမျိုးတွေကို လည်း ခွင့်ပြုပြီးတော့ လက်ရှိလုပ်ငန်းစတင်လုပ်ကိုင်နေပြီး အချို့ဆိုရင်လည်း လုပ်ငန်းအကောင် အထည်မဖော်သေးတဲ့စီမံကိန်းများစွာကျန်ရှိနေသေးပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ စီမံကိန်းဆိုတာ နှစ်ရှည်ပေးရမှသာ လုပ်ငန်းရှင်ဘက်မှ ပိုမိုပြီးအကျိုးဖြစ်ထွန်း မှာဖြစ်ပါတယ်။ သို့သော် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့လုပ်ငန်းမျိုး ပြည်သူလူထုရဲ့ အသက် အိုးအိမ်စည်းစိမ်ကို ထိခိုက်စေတဲ့လုပ်ငန်းမျိုးဖြစ်လို့ရှိရင် ခွင့်မပြုသင့်ပါဘူး။ ဒီလိုစီမံကိန်းမျိုးကို ခွင့်ပြုပေးတော့မယ်ဆိုရင် ပြည်သူလူထုထံမှာ တိုက်ရိုက်တွေ့ဆုံမေးမြန်းပြီး သဘောထားတောင်းခံ သင့်ပါတယ်။ ပြည်သူများ သိသာမြင်သာအောင် ဆွေးနွေးဟောပြောခြင်းလည်း လုပ်ဆောင်သင့်ပါ တယ်။ ဆိုးကျိုးများနှင့် ကောင်းကျိုးများကိုလည်း နှိုင်းယှဉ်ပြီးတော့ စဉ်းစားသင့်ပါတယ်။ လူထုမသိဘဲ နဲ့ ခွင့်ပြုပေးပြီးမှ နောင်တစ်ချိန် လုပ်ငန်းလည်ပတ်တော့မှ သဘောမတူကန့်ကွက်ခဲ့မယ်ဆိုရင် ရင်းနှီး မြှုပ်နှံတဲ့လူတွေဘက်ကလည်း၊ လုပ်ငန်းရှင်ဘက်ကလည်း ထိခိုက်နစ်နာသကဲ့သို့ ခွင့်ပြုပေးခဲ့တဲ့ အစိုးရအနေနဲ့လည်း မျက်နှာပျက်ရပါတယ်ရှင်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေ အခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာဆိုရင် စီမံကိန်းရည်မှန်းချက်ဟာ တိုင်းဒေသကြီးနှင့်ပြည်နယ် အတွက် အကျိုးကျေးဇူးခံစားပြီး ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းပါတယ်။ တကယ်ကျတော့ ဘယ်လောက်အကျိုးခံစားခွင့်ရပါသလဲ။ အခွန်အခမည်၍မည်မျှရရှိသည်ကို ပွင့်လင်းမြင်သာမှုမရှိ ပါဘူး။ ပြည်ထောင်စုမှာသာ အခွန်ပေးဆောင်ရပါသည်ဟု လုပ်ငန်းရှင်များက အကြောင်းပြတာ တွေများပါတယ်။ ဥပမာတစ်ခု ကျွန်မတင်ပြရမယ်ဆိုရင် ကျွန်မတို့ရဲ့မွန်ပြည်နယ်၊ ပေါင်မြို့နယ် ကုလားမတောင်တန်းပေါ်မှာရှိ တဲ့ နိုင်ငံတော်ကနေခွင့်ပြုထားတဲ့ ကျောက်မိုင်းတွေက ၂၂ မိုင်း ရှိပါတယ်။ ကျိုက်ထိုမြို့နယ်မှာဆိုရင် ၄၈ မိုင်းရှိတယ်။ အားလုံးသည် နှစ် ၃၀ ပေးထားတဲ့ စီမံကိန်း သုံးခုရှိတယ်။ ကျန်တာတွေက တစ်နှစ်တစ်ခါ သက်တမ်းတိုးရတဲ့ကျောက်မိုင်းတွေလည်းရှိပါတယ်။ ကျွန်မတို့ရဲ့ ဒီနှစ်ရှည်ခွင့်ပြုချက် ကျောက်မိုင်းတွေက အစိုးရအပြောင်းအလဲဖြစ်တဲ့ ၃၁-၃-၂၀၁၆ ရက်နေ့တွေမှာ ခွင့်ပြုပေးထားတဲ့အပေါ်မှာလည်း ဒေသခံပြည်သူတွေအနေနဲ့ အင်မတန်မှ အံ့သြမိပါ

တယ်။ ကျွန်မတို့ အုတ်တံတားကျေးရွာမှာ အပေါ်မှာတည်ရှိတဲ့ Long Life Aggregate Mining Company ကိုကြည့်မယ်ဆိုရင် ကျောက်ထုတ်တဲ့တည်နေရာသည် မြင့်မားမတ်စောက်ပြီးတော့ ဘေးနှစ်ဖက်မှာလည်း တောင်ကျ စမ်းချောင်းတွေရှိတယ်။ ရွာရဲ့အပေါ်မှာလည်း ဖြစ်နေတယ်။ ဒီရွာရဲ့အပေါ်စီးမှာ စီးမိုးထားတဲ့ အတွက်ကြောင့် အောက်ခြေမှာ ကပ်လျက်ရှိတဲ့ကျေးရွာတွေက အင်မတန်အန္တရာယ်ကြီးမားတာကို တွေ့ရှိရတယ်။ ထိုကဲ့သို့ ပထဝီအနေအထားမျိုး၊ မြေပြင် မျက်နှာသွင်အနေအထားကြောင့် တောင်ပြို၊ မြေပြိုနိုင်တဲ့ အခြေအနေမျိုးတွေကိုလည်း ကြုံတွေ့နိုင် ပါတယ်။ အောက်ခြေမှာရှိတဲ့ ကျေးရွာပြည်သူအပေါ် ကျရောက်သည့်အန္တရာယ်ကိုလည်း ပြည်သူ များက အထိတ်တလန့်ဖြစ်နေရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နွေရာသီရောက်တဲ့အခါမှာလည်း တောင်ကျစမ်းချောင်းရေတွေ ပျောက်ဆုံးကုန် တယ်။ ခြံစိုက်ပျိုးတဲ့သူတွေ၊ လယ်ယာလုပ်ငန်းအနေဖြင့် မိရိုးဖလာအသက်မွေးဝမ်းကျောင်းတွေ ပြုပြီးတော့ နေထိုင်စားသောက်တဲ့တိုင်းရင်းသားတွေအတွက်လည်း ခက်ခဲပါတယ်။ သစ်ပင်ခုတ်လို့ သစ်ပင်အစားထိုးစိုက်လို့ရှိရင် အချိန်တန်ရင် သစ်ပင်ပြန်ရနိုင်တယ်။ တောင်တစ်ခုလုံးကို ဖျောက် လိုက်လို့ရှိရင် နောင်တစ်ချိန်မျိုးဆက်တွေအတွက် တောင်ပြန်လိုချင်ရင် တောင်ကို ပြန်မရနိုင်ပါဘူး ရှင်။ ပြည်သူလူထုအနေနဲ့လည်း အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်နေမှန်းသိလျက်နှင့် အစိုးရရဲ့ နှစ်ရှည်ခွင့်ပြုပေးထားတဲ့အတွက်ကြောင့် စိတ်သောကရောက်ရပါတယ်။ လူတစ်ယောက်ကောင်းစားဖို့ အတွက် လူ ၁၀၀၀၀ ပျက်စီးပေးရမယ်ဆိုတာလည်း သဘာဝမကျပါဘူးရှင်။ ဒါပေမဲ့ မည်သို့ပင် ပြည်သူလူထုရဲ့ အကျိုးစီးပွားဆိုးကျိုးတွေကြုံတွေ့နေရပါသော်လည်း နှစ်ရှည်ခွင့်ပြုပေးထားတဲ့ အတွက် လုပ်ငန်းရှင်ဘက်က ပြည်သူလူထုရဲ့သဘောထားကို ဂရုမစိုက်၊ အလေးမထားဘဲ လုပ်ချင် သလိုလုပ်နေတာတွေ၊ ခန့်အပ်ထားတဲ့စိစစ်ရေးအဖွဲ့တွေကလည်း ပြည်သူလူထုဆီကို တိုက်ရိုက် တွေ့ဆုံခြင်းမပြုဘဲနဲ့ လူထုရဲ့သဘောထားကို မေးမြန်းခြင်းမပြုဘဲနဲ့ တစ်ဖက်သတ်အစီရင်ခံစာတင် နေရတာတွေကလည်း လူထုရဲ့မကျေနပ်ချက်တွေက တစ်နေ့တခြားကြီးပွားလာတာကိုလည်း ကျွန်မတို့ တွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့အစိုးရသစ်လက်ထက်မှာ နိုင်ငံကို ရှေ့သို့တိုးတက်အောင် လုပ်ဆောင်နေတဲ့အချိန်မှာ ခေတ်အဆက်ဆက်ကနေပြီးတော့ ဆိုးကျိုးတွေက၊ ပြဿနာအဟောင်းတွေ က ရင်ဝယ်ပိုက်ပြီးတော့ ကျွန်မတို့က ခုထပ်ပြီးတော့ စွဲနေရပါတယ်။ လက်ခံနေရပါတယ်။ ပြည်သူ လူထုရဲ့တောင်းဆိုချက်ကြောင့် ကျွန်မတို့လွှတ်တော်မှာ မေးခွန်းတွေ၊ အဆိုတွေ မေးမြန်းနေရတယ်။

သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း နေ့စဉ်လွှတ်တော်ကို လာရောက်ပြီးတော့ ဖြေရှင်းနေရတာလည်း အတွေ့ပဲဖြစ်ပါတယ်။ အစိုးရအနေနဲ့ ရှေ့ဆက်ရမယ့်လုပ်ငန်းများအတွက် နှောင့်နှေးသလို နောက်ထပ်ရင်းနှီးမြှုပ်နှံရန်စောင့်ဆိုင်းနေတဲ့ နိုင်ငံတကာလုပ်ငန်းရှင်အနေနဲ့လည်း ပူပန်ကြမှာ မလွဲပါဘူးရှင်။ အစိုးရအနေနဲ့ ကြိုတင်ပြီးစနစ်တကျဖြစ်အောင် စိစစ်ပြီးခွင့်ပြုမှသာ တော်ကာကျမည်ဖြစ်ပါတယ်။ အခုရှုပ်မှ နောင်ရှင်းဆိုသလို စိစစ်သင့်ပါတယ်။ အမျိုးသားစီမံကိန်းဥပဒေအခန်း(၃) ပုဒ်မ ၆ မှာတော့ ယခင်အစိုးရရယ်၊ ယခုအစိုးရလက်ထက်မှာ တင်ပြတဲ့စီမံကိန်းသည် လက်ခံစဉ်းစားပေးရမယ်။ လေ့လာဆန်းစစ်ပြီး နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမယ့်စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ပေးရမယ်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိတဲ့စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်ဟု ပါရှိပြီးသားဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်မှာခွင့်ပြုပြီး အကောင်အထည်မဖော် မလုပ်ဆောင်သေးတဲ့ စီမံကိန်းများစွာလည်း ရှိနေပါသေးတယ်။ အဲဒီထဲမှာ ကျွန်မတို့ ပြည်တွင်းပြည်ပကုမ္ပဏီပုဂ္ဂလိက ကနေပြီးတော့ MOU,MOA,JVA စာချုပ်တွေ လက်ဦးမှုယူပြီး လက်မှတ်ထိုးထားတဲ့၊ ဆောင်ရွက်တဲ့။ အခုဥပမာရေအားလျှပ်စစ်လိုဟာမျိုးဆိုရင် ၄၁ ခုတောင်ရှိပါသေးတယ်။ အများဆုံးကတော့ တိုင်းရင်းသားဒေသတွေမှာ ရှိနေပါတယ်။ စီမံကိန်းအကြောင်းပြပြီး လယ်ယာမြေတွေသိမ်းတာတွေလည်း ရှိပါသေးတယ်။ ကြက်ဆူပင်စီမံကိန်းဆိုရင် မအောင်မြင်တဲ့စီမံကိန်းဆိုတာလည်း ပြည်သူတွေလက်ခံထားပြီးသားပါ။ ဒါပေမဲ့ ဒါတွေကို သိမ်းဆည်းထားတဲ့လယ်ယာမြေတွေကို ပြည်သူတွေကို ပြန်ပေးသင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်မတို့တစ်နိုင်ငံလုံးအနေနဲ့ ခေတ်အဆက်ဆက် အစိုးရနှစ်ရှည်ခွင့်ပြုထားတဲ့စီမံကိန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပြီး ပြည်သူလူထုရဲ့ ခံစားချက်ကို အလေးထားတဲ့အနေနဲ့ ပြည်သူများ၏အသံ၊ ဆန္ဒ၊ သဘောထားကို မှန်မှန်ကန်ကန် ဆောင်ရွက်ပေးနိုင်တဲ့စိစစ်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ပြည်သူလူထု၏သဘောမတူ လက်မခံတဲ့ နှစ်ရှည်စီမံကိန်းတွေကို ပြန်လည်ပြီးတော့ စိစစ်သင့်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းရှိပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရမှ ခွင့်ပြုထားတဲ့လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိကွန်ချမ်းတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပေါင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်းရှိ ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများသဘောမတွေ့ လက်မခံသော နှစ်ရှည် စီမံကိန်းများနဲ့ ခေတ်အဆက်ဆက်အစိုးရမှ ခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုကို ထောက်ခံရတဲ့အကြောင်းအရင်းကတော့ အဆိုရှင်ရဲ့မူလရည်ရွယ် ချက်ဖြစ်တဲ့ နိုင်ငံတော်က အကျိုးအမြတ်အရနည်းတဲ့စီမံကိန်းတွေ၊ ပြည်သူလူထုရဲ့စိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာများ ထိခိုက်စေတဲ့စီမံကိန်းတွေ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့စီမံကိန်းတွေ စတဲ့ စီမံကိန်းများကို ပြန်လည်စိစစ်သုံးသပ်စေချင်တဲ့စေတနာကြောင့် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ် ရှင်။ ကျွန်မတို့မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်၏အခြေခံမူများအခန်းမှာ ပုဒ်မ ၄ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်း လုံး၌တည်သည်ဟူ၍ ပါရှိပါတယ်။ နောက်ပြီးတော့ ပုဒ်မ ၅ မှာလည်း နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုတို့ပါဝင်သော နယ်နိမိတ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ဖြစ်သည့်နေ့တွင် တည်ရှိ သည့်အတိုင်း ဖြစ်သည်ဟူ၍လည်း ပါရှိပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအနေနဲ့လည်း နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုကိစ္စရပ်များနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် သေချာစိစစ်ပြီး ဂရုတစိုက်အသုံးချရန်လိုအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ အဆိုရှင်တင်ပြသလိုပဲ အစိုးရအဆက်ဆက်ပြုလုပ်ထားခဲ့ သော စီမံကိန်းပေါင်းများစွာဟာ နေရာအနှံ့မှာရှိပါတယ်။ အဲဒီထဲကမှ ဥပမာတစ်ခုအနေနဲ့ပြောရရင် ကျွန်မတို့ရခိုင်ပြည်နယ်မှာလည်း ကျောက်ဖြူ (SEZ-Special Economic Zone) စီမံကိန်း၊ နောက် ကျွန်မမဲဆန္ဒနယ်မှာရှိတဲ့ နေပူတောင် မာဘယ်ကျောက်ထုတ်လုပ်ရေးစီမံကိန်းတို့ဖြစ်ပါတယ်ရှင်။ ရခိုင် ပြည်နယ်မှာ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံရန်ကမ်းလှမ်းထားမှုနဲ့ စပ်လျဉ်းပြီးတော့ ကျောက်ဖြူရေနက်

ဆိပ်ကမ်းအား မြန်မာအစိုးရ၏ပိုင်ဆိုင်မှုနဲ့ အုပ်ချုပ်မှုအောက်တွင်ထားရှိပြီး ရေယာဉ်မရွေးဆိုက်ကပ်နိုင်တဲ့ လွတ်လပ်သည့်ဆိပ်ကမ်းအဖြစ် ထုတ်ပြန်ကြေညာသင့်ပါတယ်ရှင်။ အဲဒီလိုကြေညာလိုက်မယ်ဆိုရင် ဘယ်နိုင်ငံကသင်္ဘောမဆို ကျောက်ဖြူမှာဆိုက်ကပ်နိုင်ဖို့အတွက် လက်ခံနိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံက ဖြတ်သန်းတဲ့ကုန်များသယ်ယူပို့ဆောင်ရေးအတွက် လက်ရှိထရပ်ကားအသုံးပြုစရိတ်ဟာ ယူနန်-ဟိုက်ဖုန်းဆိပ်ကမ်းအကြား ရထားပို့ဆောင်ရေးစရိတ်ထက် ပိုများနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်ရှင်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ ယူနန်ပြည်နယ်အကြား ဒေါ်လာ ၂၀ ဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားတဲ့ ရထားလမ်းကိုမဖောက်လုပ်နိုင်ဘူးဆိုလို့ရှိရင် ကျောက်ဖြူဆိပ်ကမ်းကို အသုံးပြုတဲ့သူများဟာ အနည်းငယ်သာရှိပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးရှင်။ အမှန်တကယ်တော့ ကျောက်ဖြူဒေသဟာ လူဦးရေနည်းပါးပြီး စီးပွားရေးရော၊ ဖွံ့ဖြိုးတိုးတက်မှုရောအားနည်းတဲ့ ဝေးလံခေါင်ဖျားဒေသဖြစ်ပါတယ်ရှင်။ စက်မှုဇုန်ထူထောင်ဖြစ်မယ်ဆိုရင်လည်း ရန်ကုန်နှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ စက်မှုဇုန်စီမံကိန်းများနဲ့ တန်းတူဖြစ်နိုင်ရန်အတော်လေးကို ရုန်းကန်ရမှာဖြစ်ပါတယ်။ တကယ်တော့အောင်မြင်တဲ့စီးပွားရေးစီမံကိန်းတစ်ခုဖြစ်မှသာ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းအတွက် အာမခံချက်ရှိပါလိမ့်မယ်။ မအောင်မြင်တဲ့စီမံကိန်းတစ်ခုဆိုရင် ရေရှည်အတွက် အလုပ်အကိုင်၊ အခွင့်အလမ်း သေချာမှုမရှိနိုင်ပါဘူး။ ကုန်တင်သင်္ဘော အများစုဟာ အငယ်စား၊ အလတ်စားများသာဖြစ်နိုင်တဲ့အတွက် အလွန်နက်တဲ့ရေနက်ဆိပ်ကမ်းတစ်ခုမလိုအပ်ပါဘူးရှင်။

ဥက္ကဋ္ဌကြီးရှင်။ ထို့အတူပဲ ကချင်ပြည်နယ်မှာရှိတဲ့ နေပူတောင် မာဘယ်ကျောက်ထုတ်လုပ်ရေးစီမံကိန်းမှာဆိုရင်လည်း နှစ်ရှည်စီမံကိန်းတစ်ခုဖြစ်ပါတယ်ရှင်။ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ဗီယက်နမ်နိုင်ငံ SIMCO SONG DAJS Co.ltd တို့ဟာ နှစ်ပေါင်း ၂၀ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ စာချုပ် ချုပ်ဆိုပြီးကတည်းက စီမံကိန်းဆောက်လုပ်တော့မယ်ဆိုလို့ရှိရင် ကချင်မတို့က ပထမဦးဆုံးသစ်တောတွေကိုခုတ်ထွင်ရှင်းလင်းရပါတယ်ရှင်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်ကိုလည်း များစွာထိခိုက်ပြီး ဂေဟစနစ်ကိုလည်း များစွာထိခိုက်စေပါတယ်။ ဒီရဲ့အကျိုးဆက်တွေဟာ ဒေသခံပြည်သူလူထုကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အများကြီးထိခိုက်ပါတယ်။ နောက်တစ်ခါ ဒီမာဘယ်ကျောက်အလှဆင်ထုတ်လုပ်တဲ့လုပ်ငန်းမှာ ခန့်ထားတဲ့ဝန်ထမ်းက ၂၃ ဦးရှိပြီးတော့ မြန်မာနိုင်ငံက ၁၉ ဦးရှိတဲ့အနက်မှာပဲ ၁၀ ဦးကိုပဲ ဒေသခံတွေကို ခန့်ထားတာဖြစ်ပါတယ်။ အခုလက်ရှိအနေအထားမှာလည်း ပြင်ပဈေးကွက်မှာ ဈေးကွက်မရသေးတဲ့အတွက်ကြောင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းလုနီးနီးဖြစ်နေပါတယ်ရှင်။

စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ခုဆိုတာ နိုင်ငံတော်အတွက်ရော ဒေသခံပြည်သူလူထုအကျိုးအမြတ်များများရမှာဖြစ်ပြီး ဘေးထွက်ဆိုးကျိုးမှာလည်း လူထုလက်ခံနိုင်တဲ့အတိုင်းအတာသာ ဖြစ်ရပါမယ်။ အခု လက်ရှိနေပူတောင်မှာပဲ ကျောက်ထုတ်လုပ်မှုလုပ်ငန်းကို ကြည့်မယ်ဆိုရင် ဒေသခံတွေအတွက် ပြောပလောက်တဲ့အကျိုးစီးပွားမရှိဘဲ သဘာဝပတ်ဝန်းကျင်ရဲ့ပျက်စီးမှုဒဏ်ကိုသာ လက်တွေ့ခံစားနေရပါတယ်။ ထို့အတူ ဝင်ငွေပမာဏမှာလည်း နိုင်ငံတော်အတွက် ထိရောက်တဲ့အတိုင်းအတာတစ်ခုဖြစ်/မဖြစ်ဆိုတာကိုလည်း ပြန်လည်ဆန်းစစ်ဖို့လိုအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့် မြန်မာနိုင်ငံအား စီမံကိန်းများနှင့်ပတ်သက်၍ ချေးငွေအထပ်ထပ်၊ အကြွေးအလီလီနဲ့ ဖွဲ့ချည်နှောင်တာမျိုး မဖြစ်သင့်ပါဘူး။ မြန်မာနိုင်ငံအပေါ် သင့်တင့်မျှတသော အကျိုးစီးပွားဆိုင်ရာစိတ်ဝင်စားမှုများနဲ့ နိုင်ငံရဲ့ဖြစ်လာနိုင်တဲ့အနာဂတ်အားနည်းချက်တို့အကြား ထိန်းညှိရန် နိုင်ငံတကာထောက်ပံ့မှုအကူအညီများနဲ့ ကျောက်ဖြူစီမံကိန်းအပါအဝင် အခြားစီမံကိန်းများကိုလည်း နိုင်ငံတော်က ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ခြင်းတို့ကို ပြုလုပ်သင့်ပါကြောင်း ပြောကြားရင်း ဒေါ်မိကွန်ချမ်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံလိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်မိကွန်ချမ်းတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသောနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့ လက်မခံသောနှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရမှ ခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၃-၂-၂၀၁၇(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဦးဝင်းအောင်၊ မိုးမောက်မဲဆန္ဒနယ်ကတင်သွင်းသည့် မြန်မာနိုင်ငံအတွင်းရှိထီထိုးသူပြည်သူလူထု များ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေသိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းအောင်၊ မိုးမောက်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၇-၂-၂၀၁၇ ရက်နေ့)တွင် တင်သွင်းသော မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူပြည်သူလူထုများ အဆင်ပြေစေရန် ဆင်းရဲမွဲတေမှု ပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေသိန်းထီ ဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမည့် ကိုယ်စားလှယ်လေးဦးရှိပါတယ်။ ပထမဦးစွာ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်း များစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်တင်သွင်းသောအဆိုကို

ဖြည့်စွက်အကြံပြုဆွေးနွေးမယ့် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှာ အောင်ဘာလေထီမှ အခွန်ရငွေဟာ တစ်နှစ်လျှင် ကျပ် ၂၈ ဘီလီယံလို့ ဆိုတဲ့အတွက် စုစုပေါင်းရောင်းရငွေမှာ ကျပ် ၆၀ ဘီလီယံ တစ်နည်းအားဖြင့် အမေရိကန်ဒေါ်လာ ၀.၀၅ ဘီလီယံလောက်ရရှိပြီးတော့ လူဦးရေကွာခြားမှုသိပ်မရှိတဲ့ ထိုင်းနိုင်ငံမှာတော့ ထိုင်းဘတ် ၇၆ ဘီလီယံ တစ်နည်း အမေရိကန်ဒေါ်လာ ၂.၃ ဘီလီယံရရှိတယ်လို့ သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အစိုးရထီနဲ့ ပတ်သက်ပြီးတော့ မြန်မာနဲ့ထိုင်းကို နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် ဆုကြေးအဖြစ် ၆၀ ရာခိုင်နှုန်း၊ နိုင်ငံတော်ဘဏ္ဍာအဖြစ် ၄၀ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အခွန်ရာခိုင်နှုန်းမှာတော့ ကွာခြားတာမတွေ့ရပါဘူး။ တစ်နှစ်ထီရောင်းရငွေနဲ့ GDP အချိုးမှာတော့ ထိုင်းကအဆမတန်များပြားတာကို တွေ့ရပါတယ်။ အဲ့ဒါဘာကြောင့်လဲဆိုတာကို လေ့လာသုံးသပ်ကြည့်တဲ့အခါမှာ ထိုင်းနိုင်ငံမှာ လူဦးရေ ၆၇ သန်းရှိတဲ့ အနက် ၁၉.၂ သန်းဟာ အစိုးရထီကို ထိုးကြတယ်လို့သိရပါတယ်။ ထိုင်းသုံးဦးမှာ တစ်ဦးဟာ အစိုးရထီထိုးနေတယ်လို့ ယူဆနိုင်ပါတယ်။ ထိုင်းနိုင်ငံရဲ့ကြီးမားတဲ့ စီးပွားရေးလုပ်ငန်း အဖြစ် တင်စားပြောဆိုကြပါတယ်။ ထိုင်းပြည်သူတွေကလည်း ဆင်းရဲမှောင်မိုက်ခြင်းညတွေကို ကျော်လွှန်နိုင်တဲ့ အိပ်မက်တစ်ခုအဖြစ် အားကိုးယုံကြည်ကြတယ်လို့ သိရပါတယ်။ ဒီလို ပြည်သူအပေါ် လွှမ်းမိုးဆွဲဆောင်နိုင်တဲ့ ထိုင်းနိုင်ငံရဲ့ထီစနစ်ကို လေ့လာအတုယူသင့်ပါတယ်။ အစိုးရကလည်း ပုဂ္ဂလိကတွေကို ထီရောင်းချခွင့်ပေးထားပုံလည်းရပါတယ်။ ယခုဆိုရင် ထိုင်းနိုင်ငံရဲ့ ထီဈေးကွက်ကို ချဲ့ထွင်နိုင်ဖို့ E- Lottery စနစ်ကို အကောင်အထည်ဖော်ရန်အတွက် ဥပဒေများကို ပြင်ဆင်ဖို့ လုပ်ဆောင်နေကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံရဲ့အောင်ဘာလေထီ သမိုင်းကို လေ့လာကြည့်မယ်ဆိုရင် ၁၈၇၈ ခုနှစ်၊ သီပေါမင်းလက်ထက်မှာ ယောအတွင်းဝန် ဦးဘိုးလှိုင်က ပြင်သစ်ထီကို နမူနာယူပြီးတော့ စတင်အကောင်အထည်ဖော်ခဲ့တယ်လို့ သိရှိမှတ်သားရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရဘဲ ၁၈၈၀ ခုနှစ်မှာ ရပ်ဆိုင်းခဲ့တယ်လို့လည်း သိရှိရပါတယ်။ ၁၉၃၈ ခုနှစ်မှာ ပြန်လည်စတင်လာနိုင်ကြောင်းလည်း သိရှိရပါတယ်။ ပြုပြင်ပြောင်းလဲမှုများကို လေ့လာကြည့်မယ်ဆိုရင် ၁၉၃၈ ခုနှစ်မှ ယနေ့ ၂၀၁၇ ခုနှစ်အထိ ကာလတွေမှာ (၁) ထီလက်မှတ်တန်ဖိုးတိုးမြှင့်ရောင်းချခြင်း၊ (၂) အမြင့်ဆုံးဆုနှင့်အနိမ့်ဆုံးဆုများ ပြောင်းလဲသတ်မှတ်ခြင်း၊ (၃) အက္ခရာအရေအတွက် အတိုးအလျှော့ပြုလုပ်ခြင်း အစရှိတဲ့ပြောင်းလဲမှုများသာ ရှိပြီးတော့ ထူးခြားတဲ့ထီစနစ်ပြောင်းလဲမှုမျိုးကို မတွေ့ရှိရပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၇ ခုနှစ်၊ ဧပြီလမှစပြီးတော့ ထီလက်မှတ်တန်ဖိုးကို ၂၀၀ ကျပ်မှ ၅၀၀ ကျပ်သို့လည်းကောင်း၊ အမြင့်ဆုံးဆုကို ကျပ်သိန်း ၁၅၀၀ မှ ကျပ်သိန်း ၁၀၀၀၀ သို့လည်းကောင်း၊ အနိမ့်ဆုံးဆုကို ကျပ်တစ်သိန်းမှ ငါးသောင်းသို့လည်းကောင်း ပြောင်းလဲမယ်လို့ သိရှိရပါတယ်။ အမြင့်ဆုံးဆုတိုးမြှင့်မက်လုံးပေးခြင်းဟာ ပြည်သူတွေအပေါ် အမှန်တကယ် ဆွဲဆောင်နိုင်မှုရှိရဲ့လား ဆိုတာကို ယခင်အတွေ့အကြုံများအရ မှန်ကန်စွာပြန်လည်သုံးသပ်သင့်ပါတယ်။ မြန်မာပြည်သူတွေဟာ အမြင့်ဆုံးဆုကို တိုးမြှင့်ပေးတာထက် ဆုအရေအတွက်များတာ၊ ပေါက်နိုင်တဲ့အခွင့်အလမ်းများတာကို ပိုပြီးတော့လိုလားစိတ်ဝင်စားကြကြောင်းလည်း သိရှိရပါတယ်။ ဥပမာ - ကျပ်သိန်း ၁၀၀၀၀ အစား သိန်း ၁၀၀၀ တစ်ဆယ်ဆု၊ သိန်း ၅၀၀ အစား သိန်း ၅၀ တစ်ဆယ်ဆု စသဖြင့် ပိုပြီးတော့မျှော်လင့်ကြ။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုမှာ အခွန် ၄၀ ရာခိုင်နှုန်းကနေပြီးတော့ ၁၀ ရာခိုင်နှုန်းလျှော့ချပြီး ၃၀ ရာခိုင်နှုန်းပဲ နိုင်ငံတော်ကယူဖို့ တင်သွင်းတဲ့အဆိုဖြစ်တယ်။ ထီလက်မှတ်ဈေးနှုန်းမြင့်ခြင်း၊ ကျခြင်းနဲ့ မဆိုင်ဘူး။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်တဲ့ဆွေးနွေးချက်က ဒီအဆိုနဲ့ပဲတိုက်ရိုက်သက်ဆိုင်ရမယ်။ ဒါကိုတော့ သတိပြုဆွေးနွေးပေးပါ။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ရှင့်။ ဒါကြောင့်မို့လို့ ပြည်သူတွေကို ပိုမိုဆွဲဆောင်နိုင်ဖို့ အောင်ဘာလေထီပြောင်းလဲမှုတွေပြုလုပ်တဲ့အခါမှာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံတွေကို အလေးထားပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ ပြည်သူတွေက ထီလက်မှတ်တွေကို သတ်မှတ်ဈေးနှုန်းအနေနဲ့သာ ကံစမ်းခွင့်ရချင်ပါတယ်။ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲတွေမှာ ထုတ်ခွင့်ရချင်တယ်။ ပေါက်တဲ့ဂဏန်း၊ ပေါက်တဲ့ဆိုင်အမည်သာမဟုတ်ဘဲ ကံထူးရှင်အမည်တွေကို သတင်းမီဒီယာတွေကနေပြီးတော့တစ်ဆင့် ဖော်ပြပေးတာကို ပိုပြီးတော့စိတ်ဝင်စားကြပါတယ်။ ပြီးတော့ အောင်ဘာလေထီဟာ မြန်မာနိုင်ငံရဲ့တစ်ခုတည်းသော တရားဝင်လောင်းကစားလို့ဆိုနိုင်တယ်။ ယခုလက်ရှိအခြေအနေမှာ ပြည်သူလူထုအပေါ်မှာ ဆွဲဆောင်နိုင်မှုအားနည်းလွန်းတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အောင်ဘာလေထီအနေနဲ့ ပြည်သူကို ဆွဲဆောင်နိုင်ဖို့ ကြိုးစားရပါမယ်။ အောင်ဘာလေထီဟာ ပြည်သူတွေကနေပြီးတော့ အခွန်ဆောင်နေရပါလားလို့ ထူးခြားစွာသတိမပြုမိဘဲ အခွန်အများအပြားရရှိနိုင်တဲ့အတွက် တစ်ခုတည်းသောအစိုးရလုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအနေနဲ့ ပြည်သူကို အခွန်ယဉ်ကျေးမှုနှင့် ယဉ်ပါးလာအောင် စည်းရုံးဆွဲဆောင်တဲ့ကာလမျိုးမှာ ပြည်သူကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ အခွန်တွေကိုသာလျှော့ပေါ့ပြီးတော့ အောင်ဘာလေထီကဲ့သို့သော လုပ်ငန်းမျိုးကိုအောင်မြင်အောင်လုပ်ခြင်းဖြင့် အခွန်ပိုမိုရှာဖွေနိုင်ရပါမယ်။ ပြည်သူကို အမှန်

တကယ်ဆွဲဆောင်နိုင်လို့ရှိရင် တရားမဝင်လောင်းကစားတွေပပျောက်ရေးအတွက်လည်း အထောက်အကူဖြစ်စေပါမယ်။ အောင်မြင်အောင်လုပ်နိုင်ရင် နိုင်ငံရဲ့ဝင်ငွေတွေ အများအပြားရရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံရဲ့ကြီးမားတဲ့စီးပွားရေးလုပ်ငန်းတစ်ခုတောင် ရပ်တည်လာနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် အောင်ဘာလေထီစနစ်ကို ပိုမိုအောင်မြင်အောင် ကြိုးစားသင့်ပါတယ်။ အောင်မြင်နိုင်ဖို့ဆိုတာကလည်း ပြည်သူကို အမှန်တကယ်ဆွဲဆောင်နိုင်ခြင်းသာလျှင် အရေးကြီးဆုံးဖြစ်ကြောင်း သတိချပ်သင့်ပါတယ်။ ပြီးတော့ ပုဂ္ဂလိကကဏ္ဍတွေကိုလည်း မေ့ထားလို့မရပါဘူး။ ပုဂ္ဂလိကထီလုပ်ငန်းတွေကိုလည်း ခွင့်ပြုပေးသင့်တယ်။ လိုအပ်တဲ့ဥပဒေတွေကိုလည်း ပြင်ဆင်သင့်ပါတယ်။ E-Government ကို ရည်မှန်းလုပ်ဆောင်နေတဲ့ ဒီမိုကရေစီအစိုးရအနေနဲ့ မြန်မာ့အောင်ဘာလေထီစနစ်ကိုလည်း E- Lottery စနစ်ဖြစ်လာအောင် ရည်မှန်းဆောင်ရွက်သင့်ပါတယ်။ ပြည်သူကို အမှန်တကယ် ဆွဲဆောင်နိုင်သော၊ နိုင်ငံတော်ဘဏ္ဍာကို အများဆုံးရှာပေးနိုင်သော အောင်မြင်သော ထီစနစ်ဖြစ်ပေါ်လာရေးအတွက် ပြည်သူများကိုယ်စား အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်ရဲ့အဆိုကို ကျွန်တော် လေ့လာကြည့်တဲ့အခါ ရည်ရွယ်ချက်သုံးခု တွေ့ပါတယ်။ နံပါတ်(၁)ကတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကဖွင့်လှစ်နေတဲ့ အောင်ဘာလေထီကို ထိုးတဲ့သူတွေအဆင်ပြေစေဖို့ဆိုတဲ့ရည်ရွယ်ချက်ရှိပါတယ်။ နံပါတ်(၂)ကတော့ ကျွန်တော်တို့ ပြည်သူများဆင်းရဲမွဲတေမှုလျှော့ချရေး၊ နံပါတ်(၃)ကတော့ မှုခင်းတွေလျော့ကျစေရေး ဒီရည်ရွယ်ချက်သုံးခုဟာ ဒါအင်မတန်ကောင်းတဲ့ရည်ရွယ်ချက်တွေဖြစ်တဲ့အတွက် ကျွန်တော် သဘောတူပါတယ်။ သို့သော် ဒီရည်ရွယ်ချက်တွေကို ဖော်ဆောင်တဲ့အခါမှာ အောင်ဘာလေထီကနေပြီးတော့ အခွန်ငွေ ၄၀ ရာခိုင်နှုန်းကောက်ခံနေတာအစား ၃၀ ရာခိုင်နှုန်းကောက်ခံလို့ရှိရင် ဒီရည်ရွယ်ချက်သုံးခုကို ပြည့်မြောက်မယ်လို့ အဆိုရှင်က ဖော်ပြထားတဲ့ကိစ္စကတော့ ဒါဟာရောဂါနဲ့ ဆေးနဲ့လွဲနေတယ်လို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်လည်း ထီထိုးတဲ့သူဖြစ်ပါတယ်။ ဒီအဆိုထွက်လာပြီးတဲ့အခါမှာ ကျွန်တော်လိုက်လေ့လာကြည့်တဲ့အခါ ပြည်သူတွေအများစုက ထီက

နေပြီးတော့ ရာခိုင်နှုန်း ၄၀ အခွန်ကောက်နေတဲ့ကိစ္စကိုသိသလားဆိုတဲ့အခါကျတော့ မသိဘူးလို့ ဖြေထားပါတယ်။ အဲဒီတော့ ဒီမသိတဲ့ကိစ္စဟာ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေတယ်လို့ အဆိုရှင်က ပြောထားတဲ့အခါကျတော့ နည်းနည်းလွဲနေတယ်ထင်ပါတယ်။ နောက်တစ်ခုက ဒီမှာ ၄၀ ရာခိုင်နှုန်း ကောက်တဲ့ဟာက ရေနစ်တဲ့သူကို ဝါးကူထိုးသလိုပဲ ထီထိုးတဲ့သူကို ဖြစ်စေတယ်ဆိုတဲ့ကိစ္စကလည်း ဒါကလည်း ပြန်ပြီးတော့စဉ်းစားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအဆိုထဲမှာပါတာကတော့ အရင် ဒါမြန်မာဘုရင်လက်ထက်က လုပ်ခဲ့တာဖြစ်တယ်။ မြန်မာဘုရင်လက်ထက်က အဲဒီလိုပဲ ထီဖွင့်ပြီးတော့ ပြည်သူတွေဟာ နောက်ဆုံးမှာ ထီနောက်ကို သဲကြီးမဲကြီးလိုက်ကျရင်းနဲ့ ရူးတဲ့သူကလည်းရူး၊ မူးတဲ့သူမူး၊ သေတဲ့လူသေ၊ သူခိုးဖြစ်တဲ့သူ၊ ဓားပြဖြစ်တဲ့သူဖြစ်ဆိုပြီးတော့ ဒီလိုပြောတဲ့ဟာ ဒါကမှန်ပါတယ်။ ၁၂၄၁ ခုနှစ်မှာ သီပေါမင်းလက်ထက်မှာ ထီရုံ၊ နောက်အဲဒီတုန်းကဆို ရင် ဒါအားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့နိုင်ငံအောက်ပိုင်းလည်း မရှိတော့ဘူး။ ရခိုင်ပြည်နယ်ဟာလည်းအသိမ်းခံထားရတယ်။ တိုင်းပြည်က ကွက်ကွက်လေးကျန်တော့တယ်။ လူဦးရေလည်း နည်းနည်းလေးရှိပါတယ်။ လွန်ခဲ့တဲ့နှစ် ၁၀၀ လောက်က အဲဒီအချိန်မှာ ဘုရင်ကနေပြီးတော့ ထီရုံ ၁၀ ရုံဖွင့်တယ်။ ထီ ၆၀၀၀ ရိုက်တယ်။ တစ်စောင်ကို နှစ်ကျပ်နဲ့ တစ်သောင်းနှစ်ထောင်၊ တစ်သောင်းနှစ်ထောင်က နေပြီးတော့ ၂၀၀၀ ကို နိုင်ငံတော်ဘဏ္ဍာငွေယူတယ်။ တစ်သောင်းကို ပြန်ပြီးတော့ဖွင့်ပေးတယ်။ ဒါပေမဲ့သူကဖွင့်ပေးတာက သုံးရက်ကို တစ်ကြိမ်ဖွင့်တယ်။ တစ်လကို ၁၀ ကြိမ်ဆိုတဲ့အခါကျတော့ ထိုးတဲ့သူတွေက သဲကြီးမဲကြီးလိုက်ရင်းနဲ့ ခုနပြောသလိုပေါ့။ ၃ နှစ်လောက်ကြာတဲ့အခါ လူတွေအကုန်လုံးဟာ မွဲပြာကျပြီးတော့ နောက်ဆုံးမှာ ဘုရင်ကပြန်ပြီးတော့ ပိတ်လိုက်ရတဲ့အခြေအနေပါ။ ဒီအခြေအနေနဲ့ အခုအခြေအနေနဲ့က လုံးဝမတူတော့တဲ့အခြေအနေပါ။ အဲဒီတုန်းက သုံးရက်တစ်ကြိမ် ဖွင့်တာပါ။ အခုဟာ တစ်လတစ်ကြိမ်ဖွင့်တာပါ။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံအခြေအနေကိုသာ အားလုံးသိတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့နိုင်ငံဟာ GDP နဲ့ အခွန်အချိုးဟာလည်း အရှေ့တောင်အာရှမှာ အနိမ့်ဆုံးဖြစ်ပါတယ်။ လောလောဆယ်မှာပဲ ကျွန်တော်တို့အားလုံးသိတဲ့အတိုင်းပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကဝင်ငွေရလမ်းဖြစ်တဲ့ ဓာတ်ငွေ့ဈေးနှုန်းတွေကလည်း ကျနေတယ်။

နောက်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေကလည်း အလုံးအရင်းနဲ့ဝင်မလာသေးပါဘူး။ တကယ်တော့ ထီလက်မှတ်တွေကနေပြီးတော့ ၄၀ ရာခိုင်နှုန်းရတယ်ဆိုတာ တကယ့်တကယ် ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ၄၀ ရာခိုင်နှုန်း တကယ်လည်းမရပါဘူး။ ဘာလို့လဲဆိုတော့ ထီ ၁၀ စောင်မှာ ၁၁ စောင်ပေးလိုက်ရတယ်။ အဲဒီထဲက တစ်စောင်ကိုအမြတ်ပေးလိုက်ရတယ်။ နောက်တစ်ခါ ထီစာအုပ်

တွေရိုက်ရတဲ့အရင်းအနှီးတွေရှိတယ်။ နောက်တစ်ခါ ဝန်ထမ်းတွေရှိတယ်။ အဲဒီတော့ တကယ်လည်း ၃၀ ရာခိုင်နှုန်းရတာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ အခုအချိန်မှာ ရုန်းထနေရတဲ့အချိန်မှာ အခွန်ငွေတွေကို လျှော့အောင်လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ရှင်နည်းရာအဂ္ဂလူထွက်လို တော်တော်လေးကို အခက်အခဲတွေ့ရမယ်ဖြစ်ပါတယ်။ ကျွန်တော်တို့က ပြည်သူလူထုကရွေးချယ် တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုရဲ့ အကျိုးကို ဆောင်ရွက်ရမယ်ဆိုတဲ့အချက်ကတော့ သံသယဖြစ်စရာမလိုပါဘူး။ သို့သော် ကျွန်တော် တို့က အဲဒီ ပြည်သူ့အကျိုးကိုဆောင်ရွက်ရင်းနဲ့ Populism ခေါ်တဲ့ အများကြိုက်ဝါဒရဲ့ ထောင်ချောက်ထဲကို ကျမသွားအောင် သတိထားဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ တချို့ကိစ္စတွေမှာ တိုင်းပြည်ရဲ့မျက်နှာကိုကြည့်ပြီးတော့ အဓိကထားပြီးတော့ လုပ်ကြရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ဒီမှာ အဆိုရှင်ကပြောသွားတဲ့ဟာ ဒီလိုသာ ကျပ်သိန်း ၅၀၀၀ လောက်ကို ဆု ကျပ်သိန်း ၁၀၀ နှင့် နောက်ထပ် ၅၀ ပေးလိုက်လို့ရှိရင် ဆင်းရဲသားပြည်သူနောက်ထပ် ၅၀ လောက်က ဆင်းရဲတွင်းက လွတ်မြောက်သွားမယ်ဆိုရင် ဒါကလည်း လက်တွေ့သိပ်မကျပါဘူး။ ဘာလို့လဲဆိုတော့ တကယ် ထီပေါက်သွားတဲ့လူ ၅၀ စလုံးက ဆင်းရဲသားပြည်သူတွေ ဖြစ်ချင်မှလည်းဖြစ်မှာပါ။ ဘာလို့လဲဆိုတော့ အဓိကကတော့ ဒီနေ့ကာလမှာ ထီကိုအုပ်လိုက်အများဆုံးထိုးနေကြတာက ဆင်းရဲသားပြည်သူတွေ မဟုတ်ပါဘူး။ ဆင်းရဲသားပြည်သူတွေက လေး၊ ငါး၊ ခြောက်စောင်စ အများဆုံး ၁၀ စောင်လောက်ပဲ ထိုးကြတာပါ။ အဲဒီတော့ ဒီကိစ္စတွေကို စဉ်းစားတဲ့အခါမှာ တိုင်းပြည်ရဲ့ဝင်ငွေဘဏ္ဍာအခြေအနေကို လျော့ပါးသွားအောင်လုပ်မယ့်ကိစ္စတွေကိုလည်း အထူးသတိထားပြီးတော့ ကျွန်တော်တို့က စဉ်းစား သင့်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုဟာ ရောဂါနဲ့ ဆေးနဲ့လွဲနေတာဖြစ်တဲ့အတွက် အတည်မပြုဘဲနဲ့ မှတ်တမ်းတင်ဖို့သာ ကျွန်တော်တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သပါတယ်။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော် အခုဆွေးနွေးမှာကတော့ မိုးမောက်မဲဆန္ဒနယ်က ဦးဝင်းအောင် တင်သွင်းတဲ့ ထီရောင်းရငွေကို ၄၀ ရာခိုင်နှုန်း နိုင်ငံတော်ကယူရာကနေ ၃၀ ရာခိုင်နှုန်းယူဖို့ဆိုပြီး တော့ တင်သွင်းထားတဲ့အဆိုအပေါ်မှာ ကျွန်တော်က ကန့်ကွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အားလုံးသိပြီးတဲ့အတိုင်းပဲ။ လွန်ခဲ့တဲ့တစ်နှစ်ကမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အာဏာရပါတယ်။ အဲဒီအခါမှာ ဆင်သတ်ပြီး အမျိုးဝေသွားလို့ ကျွန်တော်တို့မှာ အရိုးနဲ့အရေပဲကျန်ခဲ့တယ်။ အဲဒါကြီးကို ကျွန်တော်တို့က တိုင်းပြည်ကိုပြန်လည်တည်ဆောက်နေတာ။ အဲဒီလို တည်ဆောက်တဲ့အခါကျတော့ နေ့စဉ်နဲ့အမျှ လွှတ်တော်အမတ်တွေက ကျောင်းမရှိလို့ပါ၊ လမ်းမရှိလို့ပါ၊ တံတားမရှိလို့ပါ ဆိုပြီးတော့ တောင်းဆိုချက်တွေ အများကြီးနဲ့ မနေ့ကဆို သမ္မတကြီးက ချင်းတောင်မှာတောင် ပိုက်ဆံမရှိတဲ့အကြောင်း ပြောသွားတယ်။ ချင်းတောင်ဖွံ့ဖြိုးရေးကို သူစိတ်မကောင်းဖြစ်ရင်းနဲ့။ အဲဒီအခါကျတော့ ကျွန်တော်တို့မှာ ဘာလိုနေသလဲဆိုတော့ ဘတ်ဂျက်လိုငွေပြနေတဲ့တိုင်းပြည်တစ်ခုဆိုတာ ထင်ရှားနေတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒါဆိုရင် ဒီထီအကြောင်းကို ကျွန်တော်ဆက်ပြောပါမယ်။ ထီက ၁၉၃၈ ခုနှစ်ကတည်းက ပေါ်လာတယ်။ ဒီနေ့ဆိုရင် အနှစ် ၈၀ ရှိပြီ။ အဲဒီ ၁၉၃၈ ခုနှစ် ပေါ်ကတည်းက ထီကို အင်္ဂလိပ်အစိုးရ၊ ပါလီမန်အစိုးရ၊ ဆိုရှယ်လစ်အစိုးရ၊ စစ်အစိုးရ အားလုံးဟာ ထီကို ၄၀ ရာခိုင်နှုန်းယူပြီးရောင်းခဲ့ကြတာ။ အဲဒီလိုရောင်းခဲ့ကြတော့ ဒီဥစ္စာကြီးက များပါတယ်၊ နည်းပါတယ်လို့ ဘယ်သူမှလည်း စျေးမဆစ်ကြပါဘူး။ ၄၀ ရာခိုင်နှုန်းကိုပဲ ညင်ညင်သာသာယူလို့ရပါတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့က ကိုယ်ကိုယ်တိုင်ဆိုင်ပိုင်ရှင်ဖြစ်ကာမှ ရောင်းနေကျဆိုင်ရဲ့ပစ္စည်းကို စျေးလျှော့ပေးရမယ်ဆိုတာကတော့ အဓိပ္ပာယ်မရှိပါဘူး။ သဘာဝလည်းမကျပါဘူး။ နောက်တစ်ခုက ထီဆိုတဲ့သဘောက ဘာလဲဆိုတော့ လူတွေရဲ့မျှော်လင့်ချက် ကံစမ်းမှုတစ်ခု၊ ပျော်ရွှင်မှုတစ်ခု ဒီလောက်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ အစိုးရထီဖြစ်တဲ့အတွက် တရားမဝင်ထီထက်စာရင်တော့ လူတွေကိုလုံခြုံမှုပေးတယ်။ ခင်ဗျား ပေါက်ရင်ရမယ်။ ဒီငွေဟာ အခွန်ထမ်းပြီးသားဖြစ်တယ်။ ငွေဖြူဖြစ်တယ်ဆိုပြီးတော့ အာမခံချက်တွေပေးထားတဲ့ထီဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က နှစ်ပေါင်း ၈၀ လောက် တည်ငြိမ်နေတဲ့ရာခိုင်နှုန်းကို ကျွန်တော်တို့ ဘာဖြစ်လို့ဖျက်ရမှာလဲ။ တစ်ခါတလေ လူဆိုတာ စဉ်းစားတဲ့အခါမှာ ဘက်ကြည့်ပြီး စဉ်းစားရပါတယ်။ အမြဲတမ်း မျှလို့တော့မရပါဘူး။ ကျွန်တော်တို့ အစိုးရလက်ထက်မှာတော့ ကျွန်တော်တို့က ဒီအတွေးနဲ့ပဲစဉ်းစားရမှာပဲ။

နောက်တစ်ခါ ထီရောင်းတယ်ဆိုတာ အစိုးရဆီက၊ ပြည်သူဆီကအခွန်ကောက်တာနဲ့မတူဘူး။ ဘာကွာသလဲဆိုတော့ စရိတ်ရှိတယ်၊ ပုံနှိပ်ရတယ်၊ ပို့ရတယ်။ ဒီနေ့ဆိုရင် ကျွန်တော် 7 Days News Journal မှာ ဖတ်လိုက်ရပါတယ်။ ထီအသစ်ထွက်လာပြီ။ ဒါတွေဆို သူက ဝန်ဆောင်စရိတ်တွေရှိတယ်။ နောက်တစ်ခု က ဘာရှိသလဲဆိုတော့ လုပ်ငန်းတိုင်း၊ လုပ်ငန်းတိုင်းမှာ အစိုးရတစ်ရပ်က ပြည်သူဆီက

ကောက်သလို ဘယ်တော့မှ တင်းပြည့်ကျပ်ပြည့်မရဘူး။ အရှုံးရှိတယ်။ လျှော့ကုန်တန်ဖိုးဆိုတဲ့ဟာမျိုးတွေပေါ့နော်။ ဒီလိုဟာမျိုးတွေ ကိုယ့်ဘက်ကပြန်လျော်ရတာတွေ ရှိပါ တယ်။ အဲဒီတော့ ၄၀ ရာခိုင်နှုန်းမရပါဘူး။ နောက်တစ်ခုက ဆင်းရဲမှုပပျောက်ရေးအတွက် ထီထိုးတယ်ဆိုတဲ့ Concept ကတော့ ထီသည်ကြီးက ထီရောင်းဖို့အတွက် ကြော်ငြာတဲ့စကားလုံးလိုဖြစ်နေတယ်။ ချမ်းသာချင်ရင်ထီထိုးကြပါဆိုတဲ့ဟာက မဟုတ်ပါဘူး။ ဆင်းရဲမှုပပျောက်ဖို့ဟာ ပညာရေးမြှင့်တင်ရမယ်။ Infrastructure မြှင့်တင်ရမယ်။ အဲဒီလိုမြှင့်တင်တဲ့အခါကျမှ ဒီတိုင်းပြည်ရဲ့စီးပွားရေးဟာလည်း မြင့်တက်လာမှာဖြစ်ပါတယ်။ အဲဒီအခါကျတော့ နောက်တစ်ခါ ဘာရှိသေးသလဲဆိုတော့ ကျွန်တော်တို့ရဲ့ ထီဈေးဟာ အမှန်အတိုင်းပြောရရင် ကျွန်တော်ကိုယ်တိုင်က ထီမထိုးတဲ့လူ။ ဟိုတစ်နေ့ကမှ ဒီမေးခွန်းလေးကိစ္စဖြစ်လာတော့ ကျွန်တော်ထီသွားဝယ်တော့မှ ကျွန်တော် ၄၀၀၀ ပေးရတယ်။ ၁၀ စောင်ပါတဲ့ထီကို ကျွန်တော် ၄၀၀၀ ပေးရတယ်။ အမှန်ဆို ကျွန်တော် ၂၀၀၀ ပဲပေးရမယ်။ ဒါပေမဲ့ ၄၀၀၀ ပေးရတယ်။ အဲဒါကြည့်မယ်ဆိုရင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅ (က)နဲ့ငြိတယ်။ ဒါပေမဲ့ ဒဏ်ငွေက ၁၀၀၀ တည်းရှိတယ်။ အဲဒါကြောင့်မို့ ကျွန်တော် နောက်ထပ်စုံစမ်းတဲ့အခါမှာ အခုဆိုရင် ဘဏ္ဍာရေးဝန်ကြီးဌာနကနေပြီးတော့ အခု ၅၀၀ နဲ့ထွက်မယ့်ထီတွေကို တကယ်လို့ ပေါက်ဈေးထက် ပိုရောင်းမယ်ဆိုရင် Deposit သိမ်းမယ်လို့ ကျွန်တော်ကြားထားပါတယ်။ သူတို့ကြေညာထားပါတယ်။ အဲဒီအခါကျတော့ ပြည်သူတွေအနေနဲ့လည်း ထီဝယ်ရတဲ့အခါမှာ ကျွန်တော့်လို တစ်စောင်ကို ၂၀၀ တန်ကို ၄၀၀ မဝယ်ရတော့ဘူး။ ၅၀၀ တန်ကို ၅၀၀ ပဲဝယ်ရတော့မယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ သပိတ်ဝင်အိတ်ဝင်ရလာမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော် အကြံတစ်ခုပေးချင်တာကတော့ ထီကို ဆုကြီးကြီးတွေလုပ်သလို ဆုသေးသေးလေးတွေလည်း ၅၀၀၀၀၊ ၁၀၀၀၀၀ လိုဆုမျိုးလေးတွေလည်းလုပ်ပေးရင် အားလုံးအတွက်လည်း သက်သောင့်သက်သာဖြစ်ပြီးတော့ ပိုပြီးတော့ ပါဝင်ပတ်သက်မှုနှုန်းလေးလည်း များလာပါမယ်လို့ပြောချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ကတော့ ဒီအဆင့်မှာတော့ မိုးမောက်မဲဆန္ဒနယ်က ဦးဝင်းအောင်တင်သွင်းတဲ့ ထီရောင်းရငွေကို ၄၀ ရာခိုင်နှုန်းကောက်နေတဲ့အစား ၃၀ ရာခိုင်နှုန်းကောက်တာကို ကျွန်တော်ကန့်ကွက်ကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ် ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသူအားလုံး

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ မိုးမောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်ရဲ့ အဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးအကြံပြုရင်းနဲ့။

**ဥက္ကဋ္ဌ**။ ။ မဲဆန္ဒနယ် အသစ်တွေ မတီထွင်နဲ့နော်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ အဆိုရှင်ရဲ့ ထီထိုးတဲ့ပြည်သူတွေ စိတ်ကောင်းစေတနာထားတာရယ်။ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် မှုခင်းလျှော့ချချင်တဲ့ရည်ရွယ်ချက်ကောင်းတွေကိုတော့ ကျွန်တော် ထောက်ခံပါတယ်။ တစ်ချိန်တည်းမှာကတော့ အဆိုရှင်ကပြောသွားတာက နိုင်ငံတော်က ၄၀ ရာခိုင်နှုန်းယူတယ်။ ပေါက်မဲကို၊ ထီဆုကြေးကို ၆၀ ရာခိုင်နှုန်းပေးတယ်။ အဲဒီအထဲကမှ ၁၀ ရာခိုင်နှုန်းကို ပေါက်မဲအဖြစ်နဲ့ထည့်ပေးဖို့ဆိုပြီးတော့ အဆိုရှင်က ဆွေးနွေးသွားတာဖြစ်ပါတယ်။ ဒါကို အခု အဆိုရှင်က အဆိုတင်သလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက အခု ဆွေးနွေးပါမယ်။ ပြီးရင် လွှတ်တော်ကိုယ်စားလှယ်တွေက ဆုံးဖြတ်ချက်တစ်ခုချပါမယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဆွေးနွေးတာ ၁၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ အဲဒီတော့ ဒီ ၁၀ ရာခိုင်နှုန်းဟာ ပုံမှန်မှာဆိုရင်လည်း ကျွန်တော်က နိုင်ငံတော်ရဲ့ အခွန်အကောက်ဖြစ်တဲ့အတွက်ကြောင့် လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်းတွေကိုရောက်တဲ့ အခွန်ငွေဖြစ်ပါတယ်။ ဒါပေမဲ့ ယခု လက်ရှိအခြေအနေတွေမှာ အဆိုရှင်က ထီထိုးတဲ့ပြည်သူတွေကို အဆင်ပြေစေချင်တယ်ဆိုတဲ့ဆန္ဒရှိပေမဲ့ လက်ရှိဈေးကွက်ကိုကြည့်တဲ့အခါကျတော့ ထီတစ်စောင်ရဲ့ဈေးနှုန်းဟာ မူလတန်ဖိုး ကျပ် ၂၀၀ မဟုတ်ဘဲနဲ့ ကျပ် ၃၀၀ နဲ့အထက်မှာချည်းပဲ ဖြစ်နေပါတယ်။ အဲဒီတော့ အဲဒါကို ကျွန်တော်တို့က ကျပ် ၂၀၀ နဲ့ရောင်းမယ်ဆိုရင် နိုင်ငံတော်ရမယ့်ပိုက်ဆံကို ၁၀၀ ရာခိုင်နှုန်းနဲ့တွက်မယ်ဆိုရင် ကျပ် ၃၀၀ နဲ့ရောင်းရင် ၁၅၀ ရာခိုင်နှုန်းနဲ့ထည့်တွက်မယ်ဆိုရင်၊ အချိုးချကြည့်မယ်ဆိုရင် ဘာဖြစ်သွားလဲဆိုတော့ နိုင်ငံတော်က ၄၀ ရာခိုင်နှုန်း၊ ဆုကြေးက ၆၀ ရာခိုင်နှုန်း၊ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းက ဘယ်ရောက်သွားမှန်းမသိပါဘူး။ ဒါဟာ ထီထိုးသူပြည်သူတွေရဲ့ ဆုံးရှုံးမှုပါ။ အဲဒီတော့ အဆင်ပြေဖို့ဆိုတဲ့နေရာမှာ ဆုံးရှုံးမှုကို ယခု ထီထိုးတဲ့သူတွေရဲ့ ဆုံးရှုံးမှုကို ပထမဆုံး ဆုံးရှုံးမှုမဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ တကယ်တော့ ထီထိုးတယ်ဆိုတာ ကံစမ်းတာပါ။ အခုတော့ ထီပေါက်တဲ့ပြည်သူက စောစောက ၆၀ ရာခိုင်နှုန်း၏ အရင်းအနှီးရမယ်။ နိုင်ငံတော်က ၄၀ ရာခိုင်နှုန်းက လမ်းတံတားတွေရမယ်။ နောက် ၅၀ ရာခိုင်နှုန်းက ဘယ်သူမှန်းမသိတဲ့အခါကျတော့ ဒါက ကံစမ်းတာလား၊ ဉာဏ်စမ်းတာလားဆိုတဲ့အတွေးကို ဖြစ်စေပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဉာဏ်စမ်းခံရတာလား၊ အဂတိတရားလိုက်စားမှုတွေပဲ ဖြစ်နေတာလား ဒါက

မူကြမ်း

အရေးကြီးပါတယ်။ ဥပဒေကပဲ မခိုင်မာတာလား၊ အကောင်အထည်ဖော်တာကပဲ ချို့ယွင်းနေတာလား ဆိုတာ ပြန်ပြီးတော့ သုံးသပ်ဖို့လိုပါတယ်။

ဒီလို နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ကြားမှာ ၁၀၀ ရာခိုင်နှုန်းကို ကြည်ဖြူညီမျှစွာနဲ့ မျှဝေသုံးစွဲနေတဲ့အချိန်မှာ ဒီ ၅၀ ရာခိုင်နှုန်းကြီး ဒီလိုမျိုး အလဟဿဖြစ်နေတယ်ဆိုတာကလည်း ပြည်သူအနေနဲ့ အစိုးရကို ယုံကြည်မှုကိုပျက်စေပါတယ်။ အားကိုးမှုကို ပျက်စေပါတယ်။ ဒါကြောင့် ဒါကလည်း ဒီ အဆင်မပြေတဲ့စီမံခန့်ခွဲမှုကို ထင်ရှားစေပါတယ်။ အဲဒီတော့ ဒီလိုအချိန်မျိုးမှာပဲ ယခု စောစောတုန်းက လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ပြောသွားခဲ့စဉ်မှာတော့ ပါပါတယ်။ ကျပ် ၅၀၀ တန်လုပ်တဲ့ အချိန်မှာ ဘယ်လိုအဆင်ပြေမလဲဆိုတာတော့။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့က ကျပ် ၂၀၀ တန်မှာ အဆင်ပြေတဲ့အခါ ဒီ ကျပ် ၅၀၀ တန်မှာလည်း ဘယ်လိုထပ်ပြီးတော့ ဆုံးရှုံးဦးမလဲဆိုတဲ့ဟာကို ကျွန်တော်တို့ စိုးရိမ်တာတွေ ရှိပါတယ်။ ဒါကြောင့် ပြည်သူတွေ စိတ်နှလုံးချမ်းမြေ့စွာနဲ့ ဒီတရားဝင် ထီတွေကို ကစားတဲ့နေရာမှာ ဝန်ကြီးဌာနအနေနဲ့ တာဝန်ယူပြီးတော့ စိတ်ကောင်းစေတနာနဲ့ တာဝန်ကျေအောင် ဆောင်ရွက်ပေးစေလိုပါတယ်။ ဒါက အဆိုရှင်ရဲ့ ရည်ရွယ်ချက်အပေါ်ကို ကျွန်တော်က ဖြည့်စွက်အကြံပြုတာပါ။

နောက်တစ်ခုက အဆိုရှင်က ဘာပြောထားသလဲဆိုတော့ မူခင်းကျဆင်းရေးလို့ ပြောပါတယ်။ အဲဒီတော့ ဒီနေရာမှာ ထီထိုးတဲ့အတွက်ကြောင့်တော့ ဘာမှုခင်းမှုဖြစ်စရာအကြောင်းမရှိပါဘူး။ ဒါပေမဲ့ သူ့ရဲ့ရည်ရွယ်ချက်ကိုက ဘာလဲဆိုတော့ ကျွန်တော်က ဒါက တရားဝင်၊ တရားမဝင်တွေထိုးနေတယ်ဆိုတာကို ရည်ရွယ်တယ်ဆိုတာ ထင်ရှားပါတယ်။ အဲဒီတော့ ဒီတရားမဝင်တဲ့ထီတွေ ပျောက်ဖို့ဆိုရင်တော့ ယခု နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ ထီတွေကို ဖမ်းခဲ့ကြပါတယ်။ ဘယ်လောက်အဆင်ပြေပါသလဲ။ ဘယ်လောက်လျော့ကျပါသလဲ။ ဘယ်လောက်ပပျောက်ပါသလဲဆိုတာ ကျွန်တော်တို့ စဉ်းစားဖို့လိုပါပြီ။ အဲဒီတော့ ရှေ့ဆက်ပြီးတော့ ဒီထီတွေကို ဖမ်းခြင်းဖြင့်ပဲဆက်သွားမှာလား။ အဲဒီလိုမဟုတ်ရင် ယခု ဒီတရားမဝင်ထီတွေကို လျော့ပါးဖို့အတွက် တရားဝင်တဲ့ထီတွေကို ဆက်လက်ပြီး ယခု ကျပ် ၅၀၀ တန်လို ပုံစံမျိုး ရှေ့ဆက်ပြီးတော့ ပြည်သူလူထုနဲ့လည်း နီးစပ်မယ်။ အဲဒီလိုပုံစံမျိုး ချဲ့ထွင်မှာလားဆိုတာ စဉ်းစားဖို့အချိန်ရောက်ပြီလို့ ကျွန်တော် ဒီလိုပဲ အကြံပေးချင်ပါတယ်။ အဲဒီတော့ တရားဝင်ထီတွေကို ရှိခြင်းအားဖြင့် ပြည်သူလူထုဟာ ထီထိုးတဲ့နေရာမှာလည်း ထီဝယ်သူ၊ ထီရောင်းသူဟာ ဥပဒေကို ချိုးဖောက်ရာမကျဘူး။ နိုင်ငံတော်ကလည်း အခွန်ငွေရမယ်။ အလုပ်အကိုင်တွေလည်း ဖန်တီးနိုင်ရုံသာ မကဘူး။ ယခု စောစောတုန်းကပြောတဲ့၊ တရားမဝင်တဲ့ နှစ်လုံး၊ သုံးလုံးထီတွေမှာ တရားစွဲခံရတဲ့၊ မှုကြမ်း

ဖမ်းနေရတဲ့ ရဲ၊ ရှေ့နေ၊ တရားသူကြီးတွေရဲ့ ကြားထဲမှာလည်း အလုပ်မရှုပ်တော့ပါဘူး။ ကျွန်တော်တို့ အဂတိလိုက်စားမှုလည်း မရှိနိုင်တော့ပါဘူး။ ဒါကြောင့် ပြည်သူတွေ လောင်းကစားကို သာမန်မထိုးတဲ့ ပြည်သူတွေအနေနနဲ့လည်း ဒီတရားမဝင်လောင်းကစားတွေကို ထိုးနေတာတွေတွေ့ရင် သူတို့ရဲ့စိတ်ထဲမှာ တရားဥပဒေစိုးမိုးမှုမရှိဘူးဆိုတာကို ခံစားရစေပါတယ်။ ဒီအတွက်ကြောင့် တရားဝင်ထီတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ခြင်းဖြင့် နိုင်ငံတော်အခွန်ရမယ်။ ဒါတွေကို အစိုးရအနေနဲ့ တခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်နေသလဲဆိုတာကို လေ့လာအကောင်အထည်ဖော်ဖို့ အကြံပြုဆွေးနွေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ အဆိုက အစိုးရကလုပ်တဲ့ အောင်ဘာလေထီရောင်းရငွေအပေါ်မှာ ၄၀ ရာခိုင်နှုန်းအစား ၃၀ ရာခိုင်နှုန်းကောက်ဖို့ တင်တဲ့အဆို။ အခုနက နှစ်လုံး၊ သုံးလုံး တရားမဝင်ထီနဲ့ ပတ်သက်တဲ့ အဆိုမဟုတ်ဘူး။ ဒါကိုတော့ သတိပြုဖို့လိုတယ်။ လွှတ်တော်မှာ ဆွေးနွေးနေတာသည် အစိုးရက တရားဝင်အကောင်အထည်ဖော်တဲ့အောင်ဘာလေထီအကြောင်း။ တရားမဝင်တဲ့ နှစ်လုံး၊ သုံးလုံးလုပ်တဲ့ကိစ္စ နဲ့ပတ်သက်တဲ့အဆိုမဟုတ်ဘူး။ အဲဒါလေးကိုတော့ ကျွန်တော်တို့ ဆွေးနွေးတဲ့ ကိုယ်စားလှယ်တွေက သတိပြုဖို့တော့လိုတယ်။

**ဦးဝင်းအောင်၊ မိုးမောက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်တင်ပြတဲ့ မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူပြည်သူလူထုများ အဆင်ပြေစေရန် ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေသိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး

ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက အောင်ဘာလေထီလက်မှတ်များ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းနှင့် ထီဆုငွေထုတ်ပေးခြင်းလုပ်ငန်းများကို လွတ်လပ်ရေးမရမီ ၁၉၃၈ ခုနှစ်ကပင်စတင် ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ တွေ့ရှိရပါတယ်။ အဲဒီအချိန်ကစပြီးတော့ အောင်ဘာလေထီ ရောင်းရငွေရဲ့ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်က အခွန်ဘဏ္ဍာငွေအဖြစ်ရယူပြီး ကျန် ၆၀ ရာခိုင်နှုန်းကို ဆုမဲအဖြစ် ခွဲဝေပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယနေ့တိုင်လည်း ဆက်လက် ကျင့်သုံးလျက်ရှိပါတယ်။

အောင်ဘာလေထီရောင်းရငွေအပေါ်မှာ နိုင်ငံတော်က အခွန်ငွေ ၄၀ ရာခိုင်နှုန်းရယူသည်ဟု ဆိုသော်လည်းပဲ ၄၀ ရာခိုင်နှုန်းအပြည့်အဝရရှိခြင်းမရှိပါကြောင်း အချက်နှစ်ချက်နဲ့ ရှင်းလင်း တင်ပြလိုပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများဖြစ်ကြတဲ့ ဦးမြင့်လွင် နှစ်ယောက်ကလည်း ဆွေးနွေးထားတာရှိပါတယ်။ ပထမအချက်ကတော့ ပြည်တွင်းအခွန်များဦးစီးဌာန က ထီလက်မှတ် ၁၁ ရွက်ပါတဲ့ ထီစာအုပ်တစ်အုပ်ကို ဌာနက ၂၀၀၀ ကျပ်နဲ့ ရောင်းပေးတာ ဖြစ်ပါတယ်။ ထီတစ်အုပ်ကို နိုင်ငံတော်အခွန်ဘဏ္ဍာအတွက် ၄၀ ရာခိုင်နှုန်းရမှာဖြစ်တဲ့အတွက် ၂၀၀၀ ကျပ်အပေါ်မှာ ၄၀ ရာခိုင်နှုန်း ၈၀၀ ကျပ်ရရှိပါတယ်။ တကယ်တော့ ထီတစ်စောင်ကို ၂၀၀ ကျပ်သတ်မှတ်ထားတဲ့အတွက်ကြောင့် ထီတစ်အုပ်အကုန်ရောင်းရလို့ရှိရင် အမှန်ရောင်းရတဲ့ငွေက ၂၂၀၀ ဖြစ်ပါတယ်။ ၂၂၀၀ ကျပ်နဲ့ပဲ ၄၀ ရာခိုင်နှုန်းတွက်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အခွန်ဘဏ္ဍာငွေရရှိမှုမှာ ၄၀ ရာခိုင်နှုန်းမဟုတ်ဘဲ ၃၆ ရာခိုင်နှုန်းခန့်သာဖြစ်ပါတယ်။ ဒါကပထမအချက်ပဲဖြစ်ပါတယ်။ နောက် အောင်ဘာလေထီလုပ်ငန်းမှ ရရှိသည့်အခွန်သည် စုစုပေါင်း အခွန်အကောက်ရငွေနဲ့နှိုင်းယှဉ်ရင် ၁.၃ ရာခိုင်နှုန်းပဲရှိတဲ့အနေအထားဖြစ်ပါတယ်။ ဒုတိယအချက် ကတော့ အောင်ဘာလေထီလုပ်ငန်းအတွက် ကုန်ကျစရိတ်များဖြစ်ပါတယ်။ ထီလက်မှတ်ရိုက်နှိပ်ရန် အတွက် လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ စက်ရုံသို့ပေးချေရသည့် ထီစာအုပ်ပုံနှိပ်ခ၊ မြန်မာ့ အာမခံလုပ်ငန်းကို လစဉ်ပေးသွင်းရသော အာမခံငွေ၊ ထီစာအုပ်များကို ဝဇီစက်ရုံမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ သယ်ယူပို့ဆောင်ရသည့် မော်တော်ယာဉ်စရိတ်၊ ထီစာအုပ်တင်ခ/ချခ၊ သိုလှောင် ထိန်းသိမ်းခ၊ အလုပ်သမားခ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့ မြို့နယ်အခွန်ဦးစီး

ဌာနမှူးရုံးများကို အရောက်ပေးပို့ရသည့် ဖြန့်ဖြူးမှုစရိတ်၊ ထီဖွင့်ပွဲကျင်းပတဲ့ ကုန်ကျစရိတ်၊ ထီပေါက်စဉ် ရိုက်နှိပ်၍ လစဉ်အခမဲ့ဖြန့်ဝေတဲ့စရိတ်၊ နိုင်ငံပိုင်သတင်းစာများမှာ ကြော်ငြာထည့်သွင်း ဖော်ပြရသည့်ကြော်ငြာစရိတ်စသည်ဖြင့် အောင်ဘာလေထီလုပ်ငန်းနှင့်ပတ်သက်တဲ့ ကုန်ကျစရိတ် အဝဝကို စုစုပေါင်းပါက ရောင်းရငွေ၏ ၅ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်မှာ အသားတင်အခွန်ဘဏ္ဍာငွေရရှိမှုကတော့ နောက်ဆုံးမှာ ရောင်းရငွေ၏ ၃၁ ရာခိုင်နှုန်းခန့်သာ ရရှိခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာရှိတဲ့ ထီလုပ်ငန်းများကို လေ့လာရာမှာလည်း ရောင်းရငွေ၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအတွင်းကိုသာ ဆုမဲအဖြစ်ချီးမြှင့်လေ့ရှိကြသည်ကို တွေ့ရှိရပါတယ်။ အောင်ဘာလေထီစနစ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့် လျော်ညီတဲ့စနစ်ဖြစ်စေဖို့၊ အောင်ဘာလေထီ ကံစမ်းလိုသူများပိုမိုလာစေရန်ဖို့၊ တရားမဝင်တဲ့ထီထိုးခြင်းများပပျောက်သွားစေဖို့၊ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပြီးတော့ ၂၀၀ ကျပ်တန် ထီအပြင် ၅၀၀ ကျပ်တန် ထီကိုလည်း မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထီလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ ထီလုပ်ငန်းများကို တိုးချဲ့နိုင်ရန်အတွက် အီလက်ထရောနစ်ထီစနစ်(e-Lottery) တိုးချဲ့ဆောင်ရွက် နိုင်ရေးအတွက်ကိုလည်း အောင်ဘာလေထီဥပဒေကို ပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ e-Lottery ဆောင်ရွက်လာတဲ့အခါမှာ မိမိကြိုက်နှစ်သက်ရာဂဏန်းကို ရွေးချယ်ကံစမ်း နိုင်ခြင်း၊ မည်သည့်နေရာဒေသမှာမဆို နိုင်ငံတော်ကရောင်းချတဲ့ဈေးနှုန်းအတိုင်းပဲ ရောင်းချနိုင်ခြင်း၊ တရားမဝင်ထီထိုးခြင်းများပပျောက်သွားနိုင်ခြင်းနှင့် ရိုက်နှိပ်ဖြန့်ဖြူးရတဲ့ ကုန်ကျစရိတ်များလည်း များစွာသက်သာသွားနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများရရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အောင်ဘာလေသိန်းဆုခွန်ကို ပြည်ထောင်စု၏အခွန်အကောက်ဥပဒေမှာ လျာထားချက်တစ်ရပ်အဖြစ် နဲ့ ထည့်သွင်းပြဋ္ဌာန်းပြီးတော့ တိုးတက်ကောက်ခံရရှိအောင် ဆောင်ရွက်နေရခြင်းဟာ နိုင်ငံတော်ရဲ့ အသုံးစရိတ်များကို ကာမိစေမည့်အခွန်အကောက်ရငွေများ၊ အရင်းအမြစ်များတိုးချဲ့နိုင်ရေး၊ ငွေကြေး လည်ပတ်မှုကို မှန်ကန်စေပြီးတော့ ငွေကြေးဖောင်းပွမှု ထိန်းသိမ်းရေးဘတ်ဂျက်လိုငွေနှစ်စဉ် ပေါ်ပေါက်နေမှုကို လျှော့ချနိုင်ရေးတို့အတွက်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ရရှိတဲ့အခွန်အကောက် ရငွေများကိုလည်းပဲ နိုင်ငံတော်အတွက် လိုအပ်တဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက် ရေးအပါအဝင် နိုင်ငံတော်တည်ဆောက်ရေးအသုံးစရိတ်များကို ခွဲဝေသုံးစွဲနေခြင်းသာဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ အခွန်အကောက်ရငွေနဲ့ GDP အချိုးဟာလည်း ၈ ရာခိုင်နှုန်းခန့်

သာရှိနေတဲ့အတွက်ကြောင့် နှစ်စဉ်ဘတ်ဂျက်လိုငွေ ဖြစ်ပေါ်နေတာကိုလည်း ကိုယ်စားလှယ်တော်ကြီးများ အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောင်ဘာလေထီရောင်းရငွေရဲ့ အခွန် ၄၀ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်ကြောင်း အဆိုနှင့်ပတ်သက်၍ အခွန် ၄၀ ရာခိုင်နှုန်းဟုဆိုသော်လည်း နိုင်ငံတော်မှ အခွန်ဘဏ္ဍာငွေအဖြစ် အမှန်ရရှိမှုမှာ ၃၁ ရာခိုင်နှုန်းသာဖြစ်ခြင်း၊ နိုင်ငံတော်ရဲ့အခွန်အကောက်ရငွေမှာ ပတ်ဝန်းကျင်နိုင်ငံများနှင့်နှိုင်းယှဉ်ပါက များစွာနည်းပါးလျက်ရှိနေသေးခြင်းတို့ကြောင့် လက်ရှိအတိုင်း ၄၀ ရာခိုင်နှုန်းသာ ဆက်လက်ထားရှိသင့်ပါသဖြင့် အဆိုကို ပြည်သူ့လွှတ်တော်မှ မှတ်တမ်းအဖြစ်သာထားရှိပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးဝင်းအောင်(မိုးမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဒီအဆိုကို မတင်ခင်ကတည်းက စဉ်းစားပါတယ်။ နိုင်ငံတော်အစိုးရအတွက် ဝန်ထုပ်ဝန်ပိုးများဖြစ်မလားလို့။ အမှန်ကတော့ ဒီအဆိုဟာ ၄၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းလျှော့ချလိုက်ရင် ဆုမဲတိုးလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ထိုးအားကောင်းလာမှာပေါ့။ ထိုးအားကောင်းလာတဲ့အခါကျတော့ ဟိုတစ်ခါ ဝန်ကြီးဌာနက ပြောကြားထားသလိုပဲ ထီလက်မှတ်တွေကို အကွာရာမထည့်ဘဲနဲ့ ပိုပြီးတော့မှ ရိုက်နှိပ်ထားမယ်လို့ ပြောကြားထားတာရှိပါတယ်။ အဲဒါကျတော့ ထီထိုးအားကောင်းလာရင် ပိုပြီးရိုက်နှိပ်ပြီးတော့ ထီရောင်းအားကောင်းလာမှာ။ ထီရောင်းအားကောင်းလာရင် သူ့ရဲ့အခွန်တွေဟာ တိုးတိုးလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ နဂိုရရှိပြီးသားအခွန်နှင့် ဘာမှသိပ်ကွာမယ်မထင်ဘူးဆိုပြီးတော့ ကျွန်တော် ဒီအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့တော့ မနစ်နာဘဲ ပြည်သူလူထုလည်း အကျိုးရှိ၊ နိုင်ငံတော်လည်းအကျိုးရှိတဲ့ Win Win Policy ဖြစ်တယ်ဆိုပြီးတော့ ကျွန်တော်တင်သွင်းခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက ဒီဟာအများကြိုက်အဆိုမဟုတ်ပါဘူး။ အများကြိုက်အဆိုကို ခွတင်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်နာမည်ယူတယ်ဆိုတာကတော့ ဒါကတော့ လူပိန်းတွေအလုပ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့၊ ပြည်သူတွေအနေနဲ့ ထီထိုးရတဲ့ဒုက္ခကို အပြင်မှာလက်တွေ့ကျကျ စုံစမ်း

လေ့လာပြီး ဒီအဆိုကိုတင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်သုံးဦးစပ်ပြီးတော့မှ ထီထိုးတာ လွန်ခဲ့တဲ့သုံးလလောက်က ၅၀၀၀၀ ဆုပေါက်ပါတယ်။ ဒီ ၅၀၀၀၀ ဆုလောက်ပေါက်တာတောင်မှ ကျွန်တော်တို့ရဲ့ရင်ထဲမှာ ပျော်ရွှင်ဂုဏ်ယူတယ်ဆိုရင် ဒီလိုဆုတွေအများကြီးတိုးလာခြင်းဖြင့် ထီထိုးတဲ့ ဆင်းရဲသားပြည်သူတွေအတွက် အဆင်ပြေမလားဆိုပြီးတော့မှ ကျွန်တော်က ဒီအဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက အခွန်တွက်တဲ့အခါမှာလည်း ၂၂၀၀ ကျပ်ကနေ အခွန်တွက်လိုက်တယ်ဆိုရင် မှားပါပြီ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က ၂၀၀ ကိုသာ ရောင်းတဲ့သူက ရတာဖြစ်တဲ့အတွက် အခွန်တွက်ပြီကတည်းက ၂၀၀၀ ကနေပဲတွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အခွန်ကလည်း ဒီလောက်ကြီးလျော့ကျသွားမယ်လို့တော့ မထင်ပါဘူး။ နောက်တစ်ခုက ဒီဟာကို ကျွန်တော်အဆိုတင်ကတည်းက ဆင်းရဲမွဲတေမှုပပျောက်ရေး၊ နောက် ပြည်သူလူထုအဆင်ပြေစေရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှလို့ ပြောထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က နှမ်းတစ်စေ့တည်းတော့ ဆီမဖြစ်မှန်း သဘောပေါက်ပါတယ်ခင်ဗျား။ ဒါပေမဲ့ ဤကဲ့သို့ ဆင်းရဲမွဲတေမှုလျှော့ချရေးဖြစ်တဲ့ နှမ်းစေ့တွေအများကြီး တစ်လုံး၊ တစ်လုံး၊ တစ်စေ့၊ တစ်စေ့ ပေါင်းလိုက်ရင် အလွန်သင်းပျံ့မွှေးကြိုင်တဲ့ နှမ်းဆီရမယ်ဆိုတာလည်း ကိုယ်စားလှယ်တွေကို သဘောပေါက်စေလိုပါတယ်။ ဒီနေရာမှာ ဒီလိုထီတွေကို ၂၀၀ ကျပ်အတိုင်းထိုးရရင်လည်း ပြည်သူတွေက အဆင်ပြေမှာဖြစ်ပါတယ်။ အခုနက ကိုယ်စားလှယ်ကြီး ဦးတင်ကိုကိုဦး ပြောသွားသလို ကျွန်တော်တို့က ထီတစ်စောင်ထိုးလိုက်တာနဲ့ ၄၀ ရာခိုင်နှုန်းက အခွန်ဆောင်ပြီးသားဖြစ်သွားပြီ။ ဖြစ်တဲ့အပြင်ကို ၄၀ ရာခိုင်နှုန်းအပြင်ကို ကျွန်တော်တို့က အပြင်မှာ ၃၀၀ ကျပ် ထိုးရရင် ၁၀၀ ကျပ်က သူ့အလိုလိုပျောက်သွားပြီ။ ၄၀၀ ကျပ်ထိုးရရင် ၂၀၀ ကျပ်က ပျောက်သွားပြီ။ ဒီဟာတွေကို ဝန်ကြီးဌာနကလည်း ထိန်းချုပ်ဖို့လိုနေပါပြီ။ နောက်တစ်ခုက ရိုးရိုးသားသားထီရောင်းစားတဲ့သူတွေဟာ အစိုးရဌာနမှာ ထီလက်မှတ်ဝယ်လို့မရတော့ပါဘူး။ ဒီအချိန်မှာ။ ဘာလို့လဲဆိုတော့ ထီကုန်သည်တွေကနေပြီးတော့မှ သူတို့ရဲ့ချိတ်ဆက်မှုနဲ့ ထီကိုတစ်ခါတည်းဝယ်ယူထားပြီးဖြစ်တဲ့အတွက် ထီလက်မှတ်က အပြင်လောကမှာကုန်နေပါပြီ။ အပြင်မှာ ရိုးရိုးသားသားရောင်းစားချင်ရင် ထီကုန်သည်တွေဆီက တစ်ဆင့်ပြန်ဝယ်ရတဲ့အတွက် ကျွန်တော်တို့ရဲ့ ထီဈေးနှုန်းဟာလည်း ဒီလိုမြင့်မားနေခြင်းဖြစ်ပါတယ်။ ဒါကို ဝန်ကြီးဌာနအနေနဲ့လည်း ထိန်းချုပ်ဖို့သင့်ပါပြီခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့အခွန်ရရှိရေးက အခုလောလောဆယ်မှာ လိုအပ်နေတယ်ဆိုတာ ကြားသိရတဲ့အတွက် ဒီအဆိုကို လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ထားသင့်ပါကြောင်း တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းအောင်၊ မိုးမိတ်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်လေးဦးက ဆွေးနွေးပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဝင်းအောင်၊ မိုးမိတ်မဲဆန္ဒနယ်ကတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းတဲ့ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ (၁၀-၂-၂၀၁၇ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၄-၂-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်ငါးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါ့မယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့်ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊

အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၂၈)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ တရားခံ လွှဲပြောင်းရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးရန် ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ဖြစ်တဲ့ ၁၀-၂-၂၀၁၇ ရက်(သောကြာနေ့)မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၄-၂-၂၀၁၇ ရက်(အင်္ဂါနေ့)နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)၊ ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)၊ ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)၊ ဒုတိယဗိုလ်မှူးကြီးသန်းဦးလွင်(တပ်မတော်သားကိုယ်စားလှယ်)၊ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)တို့က ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာပါတယ်ရှင်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၇-၂-၂၀၁၇ ရက်နေ့ (သောကြာနေ့)မှာ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၂၈)ချက်ရဲ့ တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံကို ဝေငှထားပြီးဖြစ်ပါတယ်ရှင်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၂၈) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီး ဌာနအနေနဲ့ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တင်သွင်းခဲ့တဲ့ ပြင်ဆင်ချက်ကို ကြိုတင် ပြီးတော့ ညှိနှိုင်းထားပြီးဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို လက်ခံသဘောတူပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် (၂၈)ချက်အား အတည်ပြုရန်လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တရားခံ လွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၂၈)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်က ပြင်ဆင်ချက် (၃)ချက်ကို တင်သွင်းဆွေးနွေးမှာဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ကိုဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်း မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့မှ

ပြီးခဲ့တဲ့သောကြာနေ့က ဥပဒေကြမ်းကော်မတီနဲ့ ညှိနှိုင်းအစည်းအဝေးတစ်ရပ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်(၁၅)ချက် တင်သွင်းခဲ့ပါတယ်။ အဲဒီအထဲက အချက်(၁)ချက်ကိုတော့ ကျွန်တော်က Withdraw လုပ်ပေးခဲ့ပါတယ်။ အချက်(၁၁)ချက်ကိုတော့ ကျွန်တော့်ရဲ့ပြင်ဆင်ချက်အတိုင်းကို တချို့ကို ဥပဒေကြမ်းကော်မတီက သဘောတူခဲ့ပါတယ်။ တချို့ကိုတော့ Compromise လုပ်ပြီးတော့မှ ဥပဒေကြမ်းကော်မတီက သဘောတူခဲ့ပါတယ်။ အချက်(၃)ချက်ကတော့ ညှိနှိုင်းလို့မရတဲ့အတွက်ကြောင့် လွှတ်တော်ရှေ့မှောက်ကို ရောက်ရှိလာတာပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဒီညှိနှိုင်းလို့မရတဲ့အချက်(၃)ချက်ကို ကျွန်တော်တင်ပြတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားကြဖို့အတွက် တင်ပြချင်တာဖြစ်ပါတယ်။ အဲဒီတော့ တရားခံလွှဲပြောင်းတဲ့အခါမှာ သာမန်အားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ Sovereignty ကို ထိုက်သင့်သလောက် ကျွန်တော်တို့က လျှော့ပေးလိုက်ရတယ်ဆိုတဲ့ အယူအဆတစ်ရပ်လည်းရှိပါတယ်။ ဒါလည်းမှန်ပါတယ်။ နိုင်ငံတွေအားလုံးဟာ အခုလိုပူးပေါင်းပြီးတော့မှ တရားခံလွှဲပြောင်းဆောင်ရွက်တာတွေကို ခေတ်အဆက်ဆက်မလုပ်နိုင်ပေမဲ့ ဒီခေတ်ဒီအခါမှာ လုပ်မယ်ဆိုတဲ့ Political will ကို ကြိုဆိုပါတယ်။ ဒါပေမဲ့ တရားခံလွှဲပြောင်းတဲ့အခါမှာ တောင်းဆိုချက်ကို ငြင်းပယ်နိုင်တယ်ဆိုတဲ့အတိုင်း အပိုဒ် ၆ ပေါ့။ အပိုဒ် ၆ မှာမှ ကျွန်တော်က အပိုဒ်(ဃ)မှာ ဖော်ပြထားတာကတော့ မူလအဆိုပြုထားတာကတော့ တရားခံလွှဲပြောင်းပေးရန်တောင်းဆိုခြင်းသည် တောင်းဆိုခြင်းခံရသူ၏ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးဆိုင်ရာထင်မြင်ယူဆချက်ကြောင့် ယင်းကိုတရားစွဲအရေးယူရန် သို့မဟုတ် အပြစ်ပေးရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်သည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်းဆိုပြီး ဒီအချက်ပေါ်မှာမူတည်ပြီးတော့မှ ကျွန်တော်တို့က ငြင်းပယ်နိုင်တာပါ။ အဲဒီတော့ ဒီထဲမှာမှ ကျန်တဲ့စကားလုံးတွေအားလုံးကို ကျွန်တော်ကသဘောတူပါတယ်။ ဒါပေမဲ့ နိုင်ငံရေးဆိုင်ရာထင်မြင်ယူဆချက်ဆိုတာကြီးကို ဒီဥပဒေထဲမှာ ထည့်ထားတာကို ကျွန်တော်က ဒါကိုသဘောမတူတာပါ။ ဘာကြောင့်လဲဆိုတော့ ဆွေးနွေးရင်းနဲ့ နိုင်ငံရေးဆိုင်ရာထင်မြင်ယူဆချက်က ဘာကြောင့်ဒီမှာပါလာသလဲဆိုတော့ ပြည်ထဲရေးဝန်ကြီးဌာနကရော၊ ရှေ့နေချုပ်ရုံးကရော ဖြေကြားတာကတော့ဖြင့် သူတို့ Reference လုပ်နေတဲ့ Model Law ပေါ့။ အဲဒီမှာ သူကဘာပါသလဲဆိုလို့ရှိရင်တော့ Political Opinion ဆိုတာပါတယ်။ Political Opinion ဆိုတော့ တိုက်ရိုက်ဘာသာပြန်လိုက်တယ်။ နိုင်ငံရေးဆိုင်ရာထင်မြင်ယူဆချက်ဆိုပြီးတော့။ ဒါပေမဲ့ သူများတွေရဲ့ Law ကို ကျွန်တော်တို့က တိုက်ရိုက်ကူးချဖို့မလိုပါဘူး။ အဲဒီတော့ လက်ရှိ Current Situation နဲ့ အကိုက်ညီဆုံး

ဆိုတဲ့စကားလုံးတွေကို ရွေးချယ်ဖို့လိုတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်ကတော့ ဒီနေရာမှာ မြန်မာနိုင်ငံမှာလည်း လက်ရှိခေတ်အစားဆုံးဖြစ်နေတဲ့ နိုင်ငံရေးဆိုင်ရာယုံကြည်ချက် ကမ္ဘာမှာလည်း ဒီအတိုင်းပဲကျင့်သုံးတယ်။ ဘာလဲ Political Belief ပဲ။ အဲဒီဟာကို ကျွန်တော်က ပြင်ချင်ပါတယ် ဆိုတာကို ကျွန်တော် တင်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီမှာကတော့ တစ်ဖက်က မလျှော့နိုင်ဘူးဆိုလို့ ဒီနေရာရောက်လာတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ပြင်ဆင်ဖို့အတွက် တင်ပြချက်ကတော့ဖြင့် ကျန်တဲ့စကားလုံးတွေအားလုံးကို ကျွန်တော်သဘောတူတယ်။ ဒါပေမဲ့ နိုင်ငံရေးဆိုင်ရာထင်မြင်ယူဆချက်ဆိုတဲ့ဟာကို ကျွန်တော်ကတော့ နိုင်ငံရေးယုံကြည်ချက်ဆိုပြီးတော့မှ ပြင်ချင်ပါတယ်ဆိုတာကို ကျွန်တော်က ဒီနေရာကနေပြီး လွှတ်တော်ကို တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များတို့ရှင်။ ကျွန်မ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ဒီဥပဒေပြဋ္ဌာန်းရတဲ့ အခြေခံရည်ရွယ်ချက်လေးကို နည်းနည်းရှင်းပြချင်ပါတယ်။ အဲဒီအခြေခံရည်ရွယ်ချက်က ကျွန်မတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့နိုင်ငံသားတွေကိုအကာအကွယ်ပေးချင်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းတွေကို မဆန့်ကျင်စေဘဲ ကျွန်မတို့ရဲ့ နိုင်ငံသားတွေကို အကာအကွယ်ပေးပြီးတော့ အတတ်နိုင်ဆုံး ကိုယ့်နိုင်ငံသားတွေကို တခြားနိုင်ငံကို လွှဲပြောင်းပေးတဲ့နေရာမှာ ဘယ်လိုအချက်တွေနဲ့ ကျွန်မတို့က အတတ်နိုင်ဆုံးကာကွယ်ရမလဲဆိုတာကို ရည်ရွယ်ပါတယ်။ တိကျတဲ့ဥပဒေမရှိခဲ့လို့လည်း ကျွန်မတို့နိုင်ငံမှာဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံသားတွေကို သူများနိုင်ငံကတောင်းတိုင်းလွှဲပေးခဲ့ရတာရှိသလို တခြားနိုင်ငံကနေပြီးတော့ ကျွန်မတို့ဆီကို ရောက်နေတဲ့တရားခံတွေကိုလည်း တခြားနိုင်ငံရဲ့ဥပဒေတွေနဲ့ တောင်းဆိုခဲ့လို့ ကျွန်မတို့တွေ ပြန်ပေးခဲ့ရတာတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေမှာ ကျွန်မတို့က ခုနကပြောသွားသလို ပုံတူယူတာလည်းမဟုတ်ပါဘူးရှင်။ ကျွန်မတို့ဥပဒေကြမ်းကော်မတီမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ကျွန်မတို့ဆွေးနွေးခဲ့တဲ့အခါမှာ ယုံကြည်ချက်ဆိုတဲ့အဓိပ္ပာယ်က လေးနက်ပါတယ်။ ထင်မြင်ယူဆချက်ဆိုတာက ပေါ့ပါးပြီးတော့ ကျယ်ပြန့်ပါတယ်။ အဲဒီအခါကျတော့ ဒီဥပဒေရဲ့ရည်ရွယ်ချက်ကိုက ကျွန်မတို့က Refusal Ground ကိုအခြေခံပြီးတော့ ကျွန်မတို့ရေးဆွဲထားတာဖြစ်တဲ့အတွက် ပိုမိုကျယ်ပြန့်တဲ့၊ ဥပဒေနဲ့ပတ်သက်တဲ့ ထင်မြင်ယူဆချက်တွေကို ကျွန်မတို့နိုင်ငံသားတွေအတွက် ပေးချင်တဲ့အတွက်

ကြောင့်မို့လို့ ကျွန်မတို့ဥပဒေကြမ်းကော်မတီက ဆရာဦးမောင်မြင့်နဲ့ သဘောထားကွဲလွဲခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့သဘောထားအနေနဲ့ကတော့ ကျွန်မတို့ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း လွှတ်တော်ကအတည်ပြုပေးပါရန် လေးစားစွာပန်ကြား အပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း ပုဒ်မ ၆ အပိုဒ်ခွဲ(ဃ)နှင့် ဆက်စပ်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာနိုင်ငံတွေက တောင်းဆိုတဲ့တောင်းဆိုချက် ဒါမှမဟုတ်ရင် တောင်းဆိုခံရသူအပေါ် ကျွန်တော်တို့ နိုင်ငံရေးထင်မြင် ယူဆချက်ကို အခြေခံပြီး တရားစွဲဆိုအရေးယူခံရတယ်လို့ ယူဆလို့ရှိရင် ငြင်းပယ်နိုင်ဖို့အတွက် ဒီဥပဒေကို ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဒီဥပဒေကိုရေးဆွဲစဉ်က လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်မြင့် ဆွေးနွေးခဲ့သလိုပဲ ကျွန်တော်တို့ ရေးဆွဲတဲ့အခါမှာ ကိုးကားခဲ့တဲ့ နိုင်ငံရေးထင်မြင်ယူဆချက်ဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ UNODC ရဲ့ Model Law အပိုင်း ၂၊ အခန်း (၂)မှာပါတဲ့အချက်ကို ယူသလိုပဲ ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း Article 15၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း Article 44၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာတိုက်ဖျက်ရေးကွန်ဗင်းရှင်း Article 6 နဲ့ နိုင်ငံဖြတ်ကျော်မှုဆိုင်ရာ တိုက်ဖျက်ရေးကွန်ဗင်းရှင်း Article 16 တို့မှာပါတဲ့ တရားခံလွှဲပြောင်းရေးနဲ့ ပတ်သက်ပြီး ငြင်းဆို နိုင်တဲ့အချက်တွေနဲ့ ကျွန်တော်တို့ Refusal Ground မှာ Political Opinion လို့ သုံးတဲ့အပေါ်မှာ ကျွန်တော်တို့ အခြေခံပြီး စဉ်းစားခဲ့တာမှန်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဆွေးနွေးခဲ့သလိုပဲ ယုံကြည်ချက်ဆိုတဲ့ စကားလုံးနဲ့ ကျွန်တော်တို့ ထင်မြင်ယူဆချက်စကားရပ်နှစ်ရပ် အပေါ်မှာလည်း အလေးအနက်ထား ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကတော့ အဆိုပြုပြဋ္ဌာန်းချက်မှာ ပါတဲ့ နိုင်ငံရေးထင်မြင်ယူဆချက်ဆိုတဲ့စကားရပ်ဟာ ဘာသာရပ်အသုံးစကားရပ်ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဒီစကားလုံးကိုသာ ပိုမိုသုံးစွဲသင့်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ သဘောထားကို သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၆၊ အပိုဒ်ခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုပြင်ဆင်ချက်အတိုင်းထားရှိရန် ဆွေးနွေးခဲ့ပြီး ဦးမောင်မြင့်က ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ အဆိုပြုပြင်ဆင်ချက်အတိုင်းဆိုတာက ခုနက ကိုယ်စားလှယ်တွေထပ် မှတ်မိအောင်ပြောမယ်ဆိုရင် ထင်မြင်ယူဆချက်ကြောင့်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ မင်းကင်းမဲဆန္ဒနယ်က ဦးမောင်မြင့်ရဲ့ ပြင်ဆင်ချက်က ယုံကြည်ချက်ကြောင့်ဆိုတဲ့ဟာဖြစ်ပါတယ်။ ဒါဟာ သိအောင်လို့ ထပ်ဖြည့်တာပါ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးမောင်မြင့်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၄၆ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၁ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၆၊ အပိုဒ်ခွဲ(ဃ) သည် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ အပိုဒ် ၆ အပိုဒ်ခွဲ(င)မှာ ကျွန်တော့်ရဲ့ တင်ပြချက်ကတော့ ဒီအဆိုကို ပယ်ဖျက်ဖို့ဆိုပြီးတော့မှ တင်ပြထားပါတယ်။ အဆိုကို ကျွန်တော် ဖတ်ကြားတင်ပြပါမယ်။ အဲဒါကတော့ စောစောကပြောသလို တောင်းဆိုတဲ့နိုင်ငံက တရားခံကိုတောင်းလာလို့ရှိရင် တောင်းဆိုခြင်းခံရသူသည် တောင်းဆိုတဲ့နိုင်ငံမှာ တရားမျှတမှုမရှိသည့် ကြားနာစစ်ဆေးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်းဆိုပြီးပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံက တောင်းဆိုတဲ့နိုင်ငံမှာ မျှတတဲ့တရားစီရင်မှုမရှိဘူးဆိုတာကို ကျွန်တော် ဥပဒေတစ်ခုပြဋ္ဌာန်းသင့်သလားဆိုတာ လွှတ်တော်ကိုယ်စားလှယ်အားလုံးစဉ်းစားကြည့်ပါ။ ကျွန်တော်

တို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၁ မှာပါတယ်။ နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကိုကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းမိတ်ဝတ် မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူများကို စောင့်ထိန်းသည်လို့ပါတယ်။ အဲဒီတော့ ဒီလိုမျိုးတွေ ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၁ မှာပြဋ္ဌာန်းထားပါလျက်နဲ့ ကျွန်တော်တို့ရဲ့ တရားခံလွှဲပြောင်းရေးဥပဒေမှာကျတော့ တခြား နိုင်ငံကို Insult လုပ်တဲ့ ဒီလို Article တွေ ထည့်သွင်းသင့်သလားဆိုတာ လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားဖို့သင့်တယ်ဆိုတာကို ကျွန်တော်တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့တင်ပြချက် ကတော့ဖြင့် ဒီအဆိုပြုပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပေးဖို့အတွက် ဥက္ကဋ္ဌကြီးကတစ်ဆင့်တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မ စောစောတုန်းကလည်း ဒီဥပဒေပြဋ္ဌာန်း ရခြင်းရဲ့ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသွားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ဆီမှာ ဒီနိုင်ငံတကာလူ့အခွင့်အရေးရဲ့ ဥပဒေ။ အဲဒီလို လူမျိုးရေးခွဲခြားဆက်ဆံတာတို့၊ ညှဉ်းပမ်းနှိပ်စက် တာတို့၊ ကျား/မခွဲခြားဆက်ဆံတာတို့ကို ကျွန်မတို့ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကလည်း အသိအမှတ်မပြုပါဘူး။ ဥပဒေတစ်ခုက နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံညွှန်းနဲ့ညီညွတ်တဲ့ ပြည်တွင်းဥပဒေတွေဆိုရင် အပြည်ပြည်ဆိုင်ရာဥပဒေအဆင့်အတန်းမီတယ်လို့ ဆိုရိုးစကားတွေလည်း ရှိခဲ့ပါတယ်ရှင်။ ကျွန်မတို့ ဒီမိုကရေစီစနစ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အသိအမှတ်ပြုပြီး ဆောင်ရွက်နေတဲ့ဆီမှာလည်း ဒီစည်းမျဉ်း၊ စည်းကမ်းတွေနဲ့ပတ်သက်လာရင်၊ ဥပဒေတွေနဲ့ပတ်သက် လာရင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနဲ့ ထိရောက်တဲ့နားလည်မှု လူမှုပတ်ဝန်းကျင်ရှိတဲ့ အတွက် ကျွန်မတို့အနေနဲ့ကတော့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြဋ္ဌာန်းချက်ပါအတိုင်း လွှတ်တော်ကြီးက အတည်ပြုဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း ပုဒ်မ ၆

အပိုဒ်ခွဲ(င)နှင့်စပ်ဆက်ပြီးတော့ UNODC ရဲ့ Modern Law အရပဲသော်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီကနေ ဆွေးနွေးသွားခဲ့တဲ့၊ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေမှာ တောင်းဆိုခြင်းခံရသူအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများနဲ့အညီ ဖြစ်စေဖို့အတွက်လည်း ကျွန်တော်တို့မူလဥပဒေပြုစဉ်ကတည်းကိုက ထည့်သွင်းစဉ်းစားခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့စဉ်းစားခဲ့တဲ့ဥပဒေထည့်သွင်းပြဋ္ဌာန်းခြင်းဟာ တောင်းဆိုတဲ့နိုင်ငံရဲ့ တရားစီရင်မှုစနစ် မမျှတမှုနဲ့ ကြားနာစစ်ဆေးခြင်းအပေါ်မှာ မယုံကြည်တဲ့အတွက် ဒီဥပဒေကိုပြဋ္ဌာန်းခြင်းမဟုတ်ပါဘူး။ ဒီကျူးလွန်ခဲ့တဲ့၊ လွှဲပြောင်းပေးရမယ့် တရားခံနဲ့ပတ်သက်ပြီးတော့ ဖြစ်ပွားခဲ့တဲ့တရားခံရဲ့ဖြစ်စဉ်တစ်ခုပေါ်မှာသာ ရည်ရွယ်သုံးသပ်ပြီးတော့ ဒီဥပဒေကိုထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်ရန် မသင့်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို လက်ခံသဘောတူပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့အပိုဒ် ၆ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ဆွေးနွေးခဲ့ပြီး ဦးမောင်မြင့်က ပယ်ဖျက်ရန်ဆွေးနွေးခဲ့ပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါ့မယ်။ ကန့်ကွက်မဲများလျှင် ဦးမောင်မြင့်ရဲ့ ပယ်ဖျက်ရန်အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ မဲပေးတဲ့နည်းလမ်းနဲ့မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၅၅ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၆ အပိုဒ်ခွဲ(င)သည် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ အပိုဒ်ခွဲ(စျ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ အပိုဒ် ၆ အပိုဒ်ခွဲ(ဈ)မှာ ဖော်ပြထားတာကတော့ တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုမရှိခြင်း၊ ရက်စက်ခြင်း၊ မတရားပြုခြင်းများခံရမည်ဟု ယုံကြည်ရန်အကြောင်းရှိခြင်းဆိုပြီးတော့မှပါပါတယ်။ ကျွန်တော် စောစောက ကနဦးတင်ပြထားပြီးသားဖြစ်ပါတယ်။ ဒါတွေဟာ Model Law ထဲကနေပြီးတော့မှ Copy လုပ်ထားတယ်။ Model Law ဟာ ဒီလို Copy လုပ်ပြီးတော့မှ တိုက်ရိုက်မချွတ်မယွင်းကူးသင့်တဲ့ Law ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာကို ပြန်ပြီးတော့ လေ့လာဖို့ သင့်တယ်ဆိုတာကို ကျွန်တော်က တင်ပြချင်တာပါ။ အဲဒီတော့ ဒီလိုမျိုးသူများနိုင်ငံမှာ နှိပ်စက်ခံရမယ်လို့ ဘယ်အချက်တွေက ယုံကြည်မှာလဲ။ အဲဒီတော့ ဒီဟာကြီးကို ဥပဒေထဲမှာ ထည့်ရေးထားတာသည် တောင်းဆိုတဲ့နိုင်ငံအပေါ်မှာ ကျွန်တော်တို့ ဘယ်လောက်စော်ကားတဲ့အပြုအမူတွေ ဖြစ်နေပြီလဲဆိုတာကို ဒါလွှတ်တော် ကိုယ်စားလှယ်များအားလုံး စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒီအပိုဒ် ၆ အပိုဒ်ခွဲ(ဈ)ကို ဒီဥပဒေကြမ်းကနေပြီးတော့မှ ပယ်ဖျက်သင့်တဲ့အကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များရှင်။ ဒီအချက်တွေနဲ့ပတ်သက်ပြီးတော့ စောစောတုန်းကအပေါ်မှာလည်း ကျွန်မတို့ အသေးစိတ်ဆွေးနွေးထားပြီးသားဖြစ်တဲ့အတွက် ကျွန်မတို့ ဥပဒေကြမ်းကော်မတီနဲ့ ဒီသက်ဆိုင်ရာ၊ ဌာနဆိုင်ရာတွေနဲ့ ကိုယ်စားလှယ်တွေရဲ့ညှိနှိုင်းချက်အရ ဒီအပိုဒ်ကဖြင့်တော့ ကျွန်မတို့ ဒီတရားခံ လွှဲပြောင်းရေးဥပဒေမှာ အဓိကလက်ခံထားတဲ့ Refusal Ground အတွက်ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဒီအပိုဒ်က မလွှဲမသွေထည့်သွင်းပြဋ္ဌာန်းဖို့လိုတဲ့အတွက် ကျွန်မတို့ လွှတ်တော်ကနေပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းပါ ပုဒ်မ ၆ အပိုဒ်ခွဲ(ဈ)နှင့်ပတ်သက်ပြီး မူလဥပဒေကို အဆိုပြုပြဋ္ဌာန်းစဉ်ကပင် လွှဲပြောင်းပေးရမယ့် နိုင်ငံနှင့်

ပတ်သက်ပြီး ထည့်သွင်းစဉ်းစားပြီးတော့ UNODC ရဲ့ Model Law ကို ပုံစံတူထပ်ကူးခြင်းဆိုတာထက် လက်ရှိနိုင်ငံတကာမှာ ကျင့်သုံးနေတဲ့စနစ်တွေ၊ စံနှုန်းတွေနဲ့ ကိုက်ညီအောင်စဉ်းစားပြီး မိမိနိုင်ငံအနေနဲ့လည်း လွှဲပြောင်းပေးရတဲ့အခါမှာ ထည့်သွင်းစဉ်းစားသင့်တဲ့ အခြေခံအချက်အလက်တွေပေါ်မှာမူတည်ပြီး စဉ်းစားနိုင်ဖို့အတွက်လည်း ဒီဥပဒေကို ထည့်သွင်းရေးဆွဲခဲ့ခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၆ အပိုဒ်ခွဲ(စ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိရန် ဆွေးနွေးခဲ့ပြီး ဦးမောင်မြင့်က ပယ်ဖျက်ရန်ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးမောင်မြင့်ရဲ့ ပယ်ဖျက်ရန်အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုတဲ့ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၅၃ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၆ အပိုဒ်ခွဲ(စ)သည် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းတဲ့ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေး၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းတဲ့ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂) ရက် မြောက်နေ့ အစီအစဉ် (၂၂.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ**



ဦးအောင်သန်းစိန် (ခန္တီး မဲဆန္ဒနယ်)



ဦးဝမ်းလှ (နန်းယွန်း မဲဆန္ဒနယ်)



ဦးစိုင်းမောင်ပွင့် (တန့်ယန်း မဲဆန္ဒနယ်)



ဒေါ်မိကွန်ချမ်း (ပေါင် မဲဆန္ဒနယ်)



ဗိုလ်ချုပ် သန်းထွဋ်(နယ်စပ်ရေးရာဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်